# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (15-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် အမျိုးသမီးငယ်များ ပန်းအလှပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာသန့်ဇော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်း၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင် ကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁** ⚐

## အနီးစခန်းလေယာဉ်ကွင်း ဖွင့်လှစ်လိုက်သည့်အတွက်ကြောင့် ပြင်ဦးလွင်မြို့၌ ပိုမိုစည်ကားလာ


**ပြင်ဦးလွင် ဇူလိုင် ၁၄**

ပြင်ဦးလွင်မြို့၌ ယခင်က ရှိနေခဲ့သည့် အနီးစခန်းလေယာဉ်ကွင်းကို အကြီးစား ပြုပြင်မွမ်းမံမှုများပြုလုပ်၍ ခရီးသွားလာရေး လွယ်ကူလျင်မြန်ချော့မွေ့စေရန် အတွက် ဖွင့်လှစ်ခဲ့ပြီး လေကြောင်းခရီးဖြင့် ဝင်ထွက်သွားလာကြသူ ပိုမိုများပြားလာသဖြင့် မြို့တွင်း၌လည်း ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့က တာချီလိတ်မြို့ကနေ လာရောက်ကြတာပါ။ အရင်တုန်းက တာချီလိတ်-ဟဲဟိုး၊ တာချီလိတ်-မန္တလေး ခရီးစဉ်တွေကနေ ပြင်ဦးလွင်ကို ဆက်သွားဖို့အတွက် အခက်အခဲတွေရှိခဲ့ကြပါတယ်။ ဒါကြောင့်လဲ ပြင်ဦးလွင်မြို့ကို မရောက်ဖြစ်ခဲ့ကြပါဘူး။ **စာမျက်နှာ ၂၂ ကော်လံ ၄** ❍



## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်




**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် **စာမျက်နှာ ၂၁ ကော်လံ ၄** ■

## ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ငါး၊ ပုစွန် အထိအမိကောင်းမွန်မှုကြောင့် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာဝယ်ယူရရှိ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ငါးဖမ်းစက်လှေများသည် ငါး၊ ပုစွန် ဖမ်းဆီးရာ၌ အထိအမိကောင်းမွန်မှုကြောင့် စားသုံးသူပြည်သူများ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူရရှိလျက်ရှိကြောင်း ရန်ကုန်မြို့ ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ သိရသည်။

"ဒီနေ့ဆိုရင် ဆိပ်ကမ်းကို ငါးစက်လှေဝင်ရောက်တာ ခြောက်ကြိမ်မြောက်ရှိပါပြီ။ ငါးဖမ်းရာသီစဖွင့်တဲ့အချိန်မှာ အထိအမိကောင်းပြီး ငါး၊ပုစွန်ဝင်ရောက်မှုများတဲ့အတွက် ဈေးကျပါတယ်။ စားသုံးသူတွေ ဈေးနှုန်းသင့်တင့်စွာ ဝယ်ယူနိုင်ပါတယ်။ ပင်လယ်ပြင်မှာ ငါးကြီးရရှိမှုနည်းနေတဲ့အတွက် ပြည်ပပို့ကုန်တော့နည်းနေပါသေးတယ်"ဟု **စာမျက်နှာ ၂၁ ကော်လံ ၄** ❑



ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းသို့ ရေခဲထွက်ကုန်များ ဝင်ရောက်မှုကို တွေ့ရစဉ်။

ရတနာပုံ

၂၀၂၆ ခုနှစ် ဇူလိုင် ၁၅ ရက်

အယ်ဒီတာ့အာဘော်

## နိုင်ငံနှင့်ဒေသတွင်းစီးပွားဖွံ့ဖြိုးတိုးတက်စေသော ဝါစိုက်ပျိုးမှု

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရေမြေအနေအထားအရ စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်သည့်နိုင်ငံများ၊ စက်မှုနည်းပညာပိုင်းဆိုင်ရာများကိုသာ အဓိကဆောင်ရွက်ကြသည့်နိုင်ငံများရှိသည့်အနက် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်သည့်နိုင်ငံဖြစ်သည်။ ဆန်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့်သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသဖြင့် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ဖူလုံစွာ စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယခင်က စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ခဲ့ကြသော်လည်း လက်ရှိတွင် စိုက်ပျိုးရေးကို အခြေခံသည့် Agro-based Industries ကို ဆောင်ရွက်နေခြင်းကြောင့် ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်လာလျက်ရှိသည်။

ထိုသို့ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ကုန်ကြမ်းပစ္စည်းများကို ပြောင်းလဲထုတ်လုပ်ရာတွင် ဝါလည်းပါဝင်သည်။ မြန်မာနိုင်ငံသည် ဝါစိုက်ပျိုးရန်သင့်လျော်သော ရာသီဥတုနှင့်မြေအရင်းအမြစ်များရှိနေသော်လည်း ပြည်တွင်းဝါထုတ်လုပ်မှုမှာ ပြည်တွင်းအထည်လိပ်လုပ်ငန်း၏ လိုအပ်ချက်ကို အပြည့်အဝ မဖြည့်ဆည်းနိုင်သေးပေ။ ဝါစိုက်ပျိုးမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ရှစ်သိန်းကျော်ခန့်ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လေးသိန်းခန့်သာရှိခဲ့သဖြင့် နှစ်အလိုက် ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများ လျော့နည်းကျဆင်းလာခဲ့သည်။

ဝါသည် သဘာဝအမျှင်သီးနှံတစ်မျိုးဖြစ်ပြီး ဝါမှရရှိသောချည်မျှင်ဖြင့် အဝတ်အထည်အမျိုးမျိုးကို ထုတ်လုပ်နိုင်သည်။ လူတို့၏နေ့စဉ်ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်။ ထို့ကြောင့် ဝါသည် အရေးကြီးသည့်စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့်တိရစ္ဆာန်အစာအဖြစ် ပြုလုပ်နိုင်သည့်ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်သည်။ ထို့ပြင် ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သဖြင့် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးမှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လက်ရှိကမ္ဘာတွင် ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး နိုင်ငံကသတ်မှတ်ထားသည့်ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပိဿာချိန် ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့်ဝါဂွမ်းများ ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် အရည်အသွေးမြင့် ဝါမျိုးများစိုက်ပျိုးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ခြင်း၊ ချည်ငင်နှင့်အထည်ရက်စက်ရုံများကို ခေတ်မီအောင် အဆင့်မြှင့်တင်ခြင်းတို့ကို ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းကုန်ကြမ်းကို အခြေခံသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုကွင်းဆက်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်သူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဝါစိုက်တောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဝါတစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းအတိုင်းထွက်ရှိစေရေးကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံ့စီးပွား၊ ဒေသတွင်းစီးပွားတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားကြရမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၆၄၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းမြို့နယ်မှာ စပါး ဧက ၉၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းမြို့နယ်တွင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၍ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးက ပြောပြ၍ သိရသည်။ (၂၀၆)

## မုဒုံမြို့နယ် ကော့လှကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မုဒုံ ဇူလိုင် ၁၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့လှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့လှကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သုတ**

## ကျောက်ဆည်မြို့နယ်၌ စပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနက စပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၃ ရက်က ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေ စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် အခြားကဏ္ဍများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးပေးလျက်ရှိပြီး သမဝါယမအသင်းသားများ အနေဖြင့် မိမိတို့ချေးယူထားသည့် ချေးငွေများကို သတ်မှတ်ရက်အတိုင်း အရင်း၊ အတိုးများ ပြန်လည်ပေးဆပ်ကြရန်၊ တောင်သူများအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က စပါးစိုက်ပျိုးမည့် တောင်သူများဖြစ်သည့် ကုလားကျောင်းကျေးရွာရှိ တောင်သူ ၁၉ ဦး၊ တောင်ပလူကျေးရွာရှိ တောင်သူ ၄၅ ဦး၊ ပင်တလည်ကျေးရွာရှိ တောင်သူခုနစ်ဦး၊ ထားဝယ်ကျေးရွာရှိတောင်သူ ရှစ်ဦး၊ ရွှေလေးကျေးရွာရှိ တောင်သူ ၁၄ ဦး၊ ဇရပ်ဖြူကျေးရွာရှိ တောင်သူသုံးဦး၊ ပုထိုးနီကျေးရွာရှိတောင်သူ ၁၅ဦး စုစုပေါင်းသမဝါယမအသင်းသားတောင်သူ ၁၁၁ ဦးကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၁၆၇ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ငွေပုလဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေပုလဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငွေပုလဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ အလှူရှင် ဒေါ်မာမာမြိုင်က ဦးထွေးမောင်-ဒေါ်တင်ရီလေး၊ ကိုအောင်အောင်တို့အား ရည်စူး၍ တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ စာရင်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင် ဦးကျော်ကျော်ဦး၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးယုတင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ပုလဲ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၁၀၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၀၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ နှမ်းဧက ၇၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခင်ဘန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ညောင်တုန်းမြို့နယ်တွင် ငါးတန်များဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ငါးတန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ငါးတန်များ ယခုနှစ် ဇူလိုင်လအစမှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေတာပါ။ ဒီဘက် ကနေထွက်တဲ့ ဒေသထွက် ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ်အဖြစ်ဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ငါးတန်မွေးမြူသူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကို ဝယ်ယူပြီး ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးတန်များ ဝယ်ယူအားကောင်းနေသဖြင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ငါးတန်မွေးမြူသူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက ငမြန်မာနှင့် ငါနိုင်ငံ

မောင်သာ(ရှေးဟောင်းသုတေသန)

နိုင်ငံဟူသည့် နယ်နိမိတ်အကျယ်အဝန်းနယ်မြေအပိုင်းအခြား အသုံးအနှုန်းကို ပုဂံခေတ်ကတည်းက အသုံးပြုခဲ့ကြောင်း ပုဂံခေတ်ထိုးကျောက်စာများတွင် တွေ့ရှိရသည်။ မျက်မှောက်ခေတ်သုံး ဝေါဟာရတစ်ခုဖြစ်သည့်နိုင်ငံကို ပုဂံခေတ်ကျောက်စာများတွင် နိုင်ငံဟုပင်ရေးထိုးခဲ့ရာ ပုဂံခေတ်မြန်မာကျောက်စာအဘိဓာန်တွင် နိုင်ငံ၊ နိုင်ငံတော်ဟုပင် အဓိပ္ပာယ်ဖွင့်ဆိုသည်။ သာဓကအဖြစ် ဓမ္မရာဇိကကျောက်စာတွင် ရေးထိုးထားသည့် "ဤသိုဝ်သော နိုင်ငံ ရန်ခပ်သိမ်ကိုဝ် နှိပ်နင်နိုင်ထသော"ဟူသည့် စာသားကို ပြဆိုထားရာ ဤသို့သော နိုင်ငံရန်ခပ်သိမ်းကို နှိမ်နင်းနိုင်ထသောဟူသည့် အဓိပ္ပာယ်ဖြစ်သည်။

မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ(၂) တွင် နိုင်ငံဟူသည့်ဝေါဟာရကို ဘုရင်တစ်ဦးတည်း၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေအပိုင်းအခြား၊ အစိုးရတစ်ဖွဲ့တည်း၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေအပိုင်းအခြားဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

**ပုဂံခေတ်ဦးမြန်မာနိုင်ငံ**

ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံကို ဘုရင်အနိရုဒ္ဓ(အနော်ရထာမင်း)က တည်ထောင်ခဲ့သည်ဟု သမိုင်းပညာရှင်များက လက်ခံကြသည်။ ပုဂံခေတ်ဦးပိုင်းကာလတွင် ပုဂံကို နိုင်ငံဟုမခေါ်တွင်သေးဘဲ အရိမဒ္ဒနပြည်၊ ပုဂံပြည်၊ တံပြဒိတ်ပြည်ဟုသာ ခေါ်ဆိုခဲ့သည်။ မြန်မာလူမျိုးကိုအစွဲပြုလျက် မြန်မာပြည်ဟု ပထမဆုံးခေါ်ဝေါ်ချိန်သည် သက္ကရာဇ် ၅၉၇ ခုနှစ် (ခရစ်နှစ် ၁၂၃၅ ခုနှစ်) ဖြစ်သည်။ ထိုနှစ်တွင် ရေးထိုးသည့် ရတနာကုံထန်ကျောက်စာတွင် မြန်မာပြည်ဟု ရေးထိုးထားကြောင်း အစောဆုံးမှတ်တမ်းအဖြစ် တွေ့ရှိရသည်။

ရတနာကုံထန်ကျောက်စာသည် ဘုရားအားလယ်၊ ကျွန်၊ ပန်တျာသည်၊ စည်သည်များနှင့် နွား၂၅ ကောင်ကိုလှူဒါန်းသည့် ကျောက်စာဖြစ်သည်။ အလှူရှင်အမည်ကိုအစွဲပြုလျက် ရတနာကုံထန်ကျောက်စာဟု အမည်တပ်ခဲ့သည်။

ပုဂံခေတ် အုပ်ချုပ်မှုအဆင့်ဆင့်သည် ရွာ၊ ခရိုင်၊ တိုက်နှင့် တိုင်းတို့ဖြစ်၍ အုပ်ချုပ်မှုနယ်မြေအားလုံးကို စုပေါင်းကာ ပြည်ဟုခေါ်တွင်ခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် ပုဂံပြည်၏အကျယ်အဝန်းကို ခေတ်ပြိုင်အထောက်အထားများ မတွေ့ရှိရကြောင်း သမိုင်းပညာရှင် ဒေါက်တာတိုးလှက ထောက်ပြခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် မွန်ဒေသများဖြစ်သည့် ပဲခူးနှင့်သထုံကို သိမ်းသွင်းနိုင်ခဲ့သကဲ့သို့ မြောက်ပိုင်းရှမ်းဒေသများကိုလည်း သိမ်းသွင်းနိုင်ခဲ့သည်။ သို့သော်လည်း ထိုအချိန်က ပုဂံကို နိုင်ငံဟုမသုံးနှုန်းခဲ့သေးချေ။

အနော်ရထာမင်းနောက်တွင် နန်းတက်ခဲ့သည့် ပုဂံဘုရင်များဖြစ်သော ကျန်စစ်သား၊ အလောင်းစည်သူနှင့် နရပတိစည်သူတို့ လက်ထက်တွင်လည်း ပုဂံသည် အင်အားကြီးမားခဲ့သည့်တိုင် ပုဂံနိုင်ငံဟူသည့် အသုံးအနှုန်းကို မတွေ့ရချေ။

ပုဂံမင်းအဆက်ဆက်လက်အောက်ဝယ် အုပ်ချုပ်ရေးနယ်နိမိတ်ကျယ်ဝန်းလာချိန်တွင် နရပတိစည်သူမင်း(၁၁၆၅-၁၂၁၁) လက်ထက်၌ ပြည်အဆင့်မှ နိုင်ငံအဆင့်သို့ရောက်ရှိခဲ့ကြောင်း ကျောက်စာများအရ သိရှိခဲ့ရသည်။ ထိုမင်းလက်ထက်မှစ၍ နိုင်ငံဟူသည့် အသုံးအနှုန်းက တွင်ကျယ်ခဲ့ကာ လူအမည်နှင့်ရဟန်းဘွဲ့နာမများတွင် နိုင်ငံဟုပင်ပါရှိခဲ့သည်။ ထို့ကြောင့် ပုဂံကျောက်စာတချို့တွင် လူအမည် ငနိုင်ငံ၊ ငနိုင်ငံသင်၊ ရဟန်းဘွဲ့အမည် သင်ကြီးနိုင်ငံဟု တွေ့ရှိရသည်။ ထို့အတူ နိုင်ငံအမည်ဖြစ်သည့် မြန်မာကိုယူကာ ငမြန်မာဟု အမည်မှည့်ခေါ်မှုများရှိခဲ့ရာ ကိုလိုနီခေတ်တွင် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွနေချိန်၌ လူအမည်များကို မောင်မျိုးချစ်၊ ခင်မျိုးချစ်စသည်ဖြင့် မှည့်ခေါ်ခြင်းမျိုးနှင့် တူညီနေမည်ဟု ခန့်မှန်းရပေသည်။

**ကျောက်စာထဲက ငမြန်မာ၊ ငါနိုင်ငံ**

ငမြန်မာဟူသည့်အမည်ကို ပထမဆုံးတွေ့ရှိရသည့် ပုဂံကျောက်စာသည် သက္ကရာဇ် ၅၅၂ ခုနှစ်တွင် ရေးထိုးသည့် အမတ်ကြီးသိဃ်သူကျောက်စာဖြစ်သည်။ ထိုကျောက်စာကို နရပတိစည်သူမင်းလက်ထက်တွင် အမတ်ကြီး သိဃ်သူက ဂူဘုရား၊ ပိဋကတ်၊ ရေကန်၊ လယ်နှင့် ကျွန်များလှူဒါန်းသည့် အလှူမှတ်တမ်းအဖြစ် ရေးထိုးခဲ့သည်။ ကျောက်စာစာကြောင်း(၂၀)တွင် အမတ်ကြီးလှူဒါန်းသည့် စည်သည်အမည်များတွင် ငမြန်မာဟု ပါရှိခဲ့ရာ လူပုဂ္ဂိုလ်တစ်ဦး၏ အမည်အဖြစ် ပထမဆုံးထူးခြားစွာ တွေ့ရှိရခြင်းဖြစ်သည်။

ငမြန်မာ၊ ငါမြန်မာကို ကျွန်ုပ်သည် မြန်မာလူမျိုးဟု ဆိုလိုနိုင်သကဲ့သို့ ကျွန်ုပ်၏မြန်မာဟုလည်း အဓိပ္ပာယ် ကောက်ယူနိုင်မည်ဖြစ်သည်။ ထို့အတူ ငနိုင်ငံ၊ ငါနိုင်ငံသည် ကျွန်ုပ်နိုင်ငံ၊ ကျွန်ုပ်၏နိုင်ငံဟု ကောက်ယူနိုင်မည်ဖြစ်သည်။ ငါနိုင်ငံဟူသည့်အသုံးအနှုန်းကို သက္ကရာဇ် ၅၈၉ ခုနှစ်တွင် ရေးထိုးသည့် မဟာသေနာပတိအနန္တသူရ မောင်နှံကျောက်စာတွင် အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာသည် ပုဂံမင်းနန်သူအရပ်ရှိ လေးမျက်နှာဘုရားကျောက်စာရုံတွင်တည်ရှိကာ ကျောက်စာတိုင်အမှတ်(၂)အဖြစ် ထိန်းသိမ်းထားသည်။



ငမြန်မာစကားလုံးကိုတွေ့ရှိရသည့် သိဃ်သူကျောက်စာရှိသော တောင်ဂူနီဘုရား

အနန္တသူရသည် ပုဂံဘုရင် နားတောင်းများမင်း (၁၂၁၁-၁၂၃၁)၏ အမတ်ကြီးတစ်ဦးဖြစ်သည်။ သက္ကရာဇ် ၅၈၅ ခုနှစ်တွင် အမတ်ကြီး မဟာသေနာပတိ အနန္တသူရနှင့်ဇနီးတို့သည် ဘုရားဆုကိုပန်လျက် ပုဂံရှိ အာမနာအရပ်၌ ဂူဘုရားတစ်ဆူတည်ခဲ့သည်။ အမတ်ကြီးသည် မိမိတို့ဇနီးမောင်နှံနှစ်ဦးပြုခဲ့သည့် အလှူမှတ်တမ်းကျောက်စာကို သက္ကရာဇ် ၅၈၅ ခုနှစ် နတ်တော်လဆုတ် ၇ ရက် သောကြာနေ့တွင် ရေးထိုးခဲ့ရာ မဟာသေနာပတိ အနန္တသူရမောင်နှံကျောက်စာဟု ထင်ရှားသည်။

နားတောင်းများမင်းသည် နရပတိစည်သူမင်းကို ဆက်ခံခဲ့သည့် ဘုရင်ဖြစ်သည်။ နရပတိစည်သူမင်းလက်ထက်တွင် စတင်သုံးစွဲခဲ့သည့် မြန်မာဟူသည့် ဝေါဟာရကို နားတောင်းများမင်းလက်ထက်တွင် ဆက်လက် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ နိုင်ငံအမည်ပါရှိသည့် ပုဂံကျောက်စာများသည် ၁၇ ချပ်ရှိကြောင်း ပုဂံခေတ် မြန်မာနိုင်ငံသမိုင်းစာအုပ်တွင် ခုနှစ်သက္ကရာဇ်များနှင့်အတူ ဖော်ပြထားသည်။

ငါနိုင်ငံဟူသည့် အမည်ရေးထိုးထားသော ကျောက်စာများတွင် သက္ကရာဇ် ၆၂၈ ခုနှစ်တွင် ရေးထိုးသည့် သိဃ်သူသမီးကျောက်စာလည်း ပါဝင်သည်။ ထိုကျောက်စာကို နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) လက်ထက်တွင် ရေးထိုးခဲ့သည်။ သိဃ်သူသမီးကျောက်စာတွင် သိဃ်သူ၏သမီးသည် ကျောင်းဆောက်လုပ်လှူဒါန်းပြီး ထိုကျောင်းတွင်နေထိုင်မည့် ရဟန်းသံဃာများကို လယ်၊ ဥယျာဉ်နှင့် ကျွန်များ လှူဒါန်းကြောင်းရေးထိုးထားရာ ကျွန်များ၏ အမည်များတွင် ငါနိုင်ငံဟု အမည်ရှိသူတစ်ယောက် ပါဝင်ကြောင်း ကျောက်စာတွင် ဖတ်ရှုရသည်။

ပုဂံမဟုတ်သည့် အခြားဒေသတစ်ခုကို နိုင်ငံဟုခေါ်ဆိုသုံးစွဲမှုကို သက္ကရာဇ် ၆၃၉ ခုနှစ်တွင် ရေးထိုးသည့် သူကြွယ်မကျောက်စာ စာကြောင်း(၁၁)တွင် တွေ့ရှိရသည်။ သူကြွယ်မကျောက်စာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ ထီးဆောင်းကျေးရွာ ဆုတောင်းပြည့်ဘုရားတံတိုင်းအတွင်း၌ ရှိသည်။ အမည်နာမ မပါရှိသည့် သူကြွယ်မသည် ဘုရားအား ကျွန်၊ လယ်နှင့် ပျိုးခင်းများကို လှူဒါန်းခဲ့ရာ လှူဒါန်းသည့်နေရာကို မြင်မုနိုင်ငံဟု ရေးထိုးထားသည်။

သူကြွယ်မကျောက်စာကို ရေးထိုးချိန်သည် နရသီဟပတေ့မင်းလက်ထက်ပင်ဖြစ်၍ ပုဂံခေတ်နှောင်းပိုင်းအချိန်ဖြစ်သည်။ ထိုအချိန်တွင် မြင်းမူဒေသသည် နိုင်ငံအဆင့်မဟုတ်သော်လည်း အလှူရှင်က မိမိဒေသကို နိုင်ငံဟု တင်စားရေးထိုးခဲ့ဟန်တူကြောင်း ယူဆနိုင်သည်။ မည်သို့ပင်ဖြစ်စေ ပုဂံခေတ်တွင် နိုင်ငံဟူသည့်အသုံးကို အခိုင်အမာသုံးစွဲခဲ့ကြောင်း အထောက်အထားတစ်ရပ်အဖြစ် တွေ့ရှိရခြင်းဖြစ်သည်။

နိုင်ငံဟု ခေါ်ဆိုသည့် ရဟန်းတစ်ပါး၏ ဘွဲ့အမည်ကို ပုဂံခေတ်ထိုးကျောက်စာတစ်ချပ်တွင် တွေ့ရှိရသည်။ ထိုကျောက်စာသည် သက္ကရာဇ် ၅၉၂ ခုနှစ်တွင် ရေးထိုးသည့် သိခင်အနန္တပျံခိ(သခင် အနန္တပျံချီ) ကျောက်စာဖြစ်၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ရှိ ဘုရားကြီးရွာ ရွှေမုဋ္ဌောဘုရား ကျောက်စာရုံတွင် တည်ရှိသည်။ ကျောက်စာတိုင်အမှတ်(၅) အဖြစ် ထိန်းသိမ်းထားသည်။

ထိုကျောက်စာတွင် ကျောင်းဆောက်လုပ်လှူဒါန်းသည့် ရွာသူကြီးနှင့် ရဟန်းတော်အလှူရှင်များ၏ အမည်ကိုဖော်ပြထားရာ ရဟန်းသုံးပါးအနက် တစ်ပါး၏ဘွဲ့အမည်ကို သင်ကြီးနိုင်ငံဟု တွေ့ရှိရသည်။

**ငါနိုင်ငံနှင့် ပုဂံကျောက်စာများ**

ငါနိုင်ငံအမည်ရေးထိုးထားသည့် ပုဂံကျောက်စာများတွင် ထင်ရှားသော ကျောက်စာများပါဝင်သည်။ မဟာသေနာပတိအနန္တသူရမောင်နှံ ကျောက်စာနောက်ပိုင်းတွင် ရေးထိုးခဲ့သည့် ကျောက်စာများတွင် သက္ကရာဇ် ၅၈၄ ခုနှစ်တွင် ရေးထိုးသည့် မင်းနန်သူ လေးမျက်နှာဘုရားကျောက်စာရုံရှိ အမှတ်(၃) ကျောက်စာ၊ သက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် ရေးထိုးသည့် ဇေယပိကြံမောင်နှံကျောက်စာ၊ သက္ကရာဇ် ၆၀၄ ခုတွင် ရေးထိုးသည့် ညောင်ရမ်းကြီးသမီး ကျောက်စာ၊ သက္ကရာဇ် ၆၁၀ ပြည့်နှစ်တွင် ရေးထိုးသည့် မင်းသမီးအစောကြွမ်းကျောက်စာ၊ သက္ကရာဇ် ၆၂၈ ခုနှစ်တွင် ရေးထိုးသည့် သိဃ်သူသမီးကျောက်စာ စသည်တို့တွင်လည်း ငါနိုင်ငံဟူသည့် အသုံးအနှုန်းကို တွေ့ရှိရသည်။

**မင်းသမီးအစောကြွမ်းကျောက်စာထဲက ငါနိုင်ငံ**

ပုဂံမြို့ဟောင်း မင်းနန်သူရွာ(ယခု ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာအုပ်စု)ရှိ အစောကြွမ်းဘုရားမုခ်ဂူအတွင်းမှ ကျောက်စာတစ်ချပ်ကိုရရှိခဲ့ရာ ထိုကျောက်စာသည် အလှူရှင် အစောကြွမ်းကိုအစွဲပြုလျက် မင်းသမီးအစောကြွမ်းကျောက်စာဟု ထင်ရှားသည်။ ကျောက်စာတွင် ရေးထိုးသည့် ခုနှစ်ကိုဖော်ပြမထားသော်လည်း ကျောက်စာတွင်ရေးထိုးထားသည့် လယ်နှင့် ကျွန်များကို လှူသည့်အချိန်သည် သက္ကရာဇ် ၆၁၀ ပြည့်နှစ် ပြာသိုလ ဖြစ်သဖြင့် ကျောက်စာရေးထိုးချိန်ကို သက္ကရာဇ် ၆၁၀ ပြည့်နှစ်ဝန်းကျင်ဟု ခန့်မှန်းရပေသည်။

မင်းသမီးအစောကြွမ်းကျောက်စာ ရေးထိုးချိန်သည် ပုဂံခေတ်နှောင်းပိုင်းကာလဖြစ်သဖြင့် မြန်မာစာ အရေးအသား ပီပြင်တိုးတက်နေပြီဖြစ်သည်။ ငါနိုင်ငံဟူသည့်အမည်ကို ငါပြည့်စုံ၏ညီ ငါနိုင်ငံဟု ကျောက်စာ စာကြောင်း(၃၁) တွင် ဖတ်ရှုရသည်။ မင်းသမီးအစောကြွမ်းသည် လေးမျက်နှာဂူဘုရား၊ ပိဋကတ်၊ ကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ အုတ်တံတိုင်း၊ လယ်နှင့် ကျွန်များကို လှူဒါန်းခဲ့ရာ ငါနိုင်ငံသည် ကျွန်တစ်ယောက်၏အမည်ဖြစ်သည်။ အစောကြွမ်းကျောက်စာကို ရေးထိုးချိန်တွင် မြန်မာစာအရေးအသားသည် အစီအစဉ်ကျ၍ အဆက်အစပ်မိမိဖော်ပြနိုင်ပြီဖြစ်သည်။

ကျောက်စာတွင် ရေးထိုးထားသည့် အစောကြွမ်း၏ခမည်းတော် ဇေယသူ၏ဘွဲ့အမည် တြိဘဝနပဝရဒိတျ ဓမ္မရာဇာသည် သုံးလောကတွင် နေကဲ့သို့ ဘုန်းတန်ခိုးထွန်းတောက်၍ ရဲရင့်အောင်မြင်သော တရားမင်းဟုဆိုလိုကာ ဘွဲ့အမည်နာမကို ပြည့်စုံမှန်ကန်စွာရေးထိုးထားသည်။ ထို့အတူ မယ်တော်၏ဘွဲ့အမည် တြိလောက စန္ဒြနာမ မဟာဒေဝီကို သုံးလောက၏ လစန္ဒာအမည်ရှိသည့် မိဖုရားကြီးဟူသည့် အဓိပ္ပာယ်ဖြင့် ရေးထိုးခဲ့သည်။ တောင်နန်းစံမိဖုရားဟူသည့် အဓိပ္ပာယ်ကို တောင်ဖွင်သည် (တောင်ပြင်သည်) ဟုဖော်ပြခဲ့သည်။

မင်းသမီးအစောကြွမ်းကျောက်စာတွင် ပုဂံခေတ်ဦးပိုင်း အသုံးအနှုန်းဖြစ်သည့် ရှေသွန်း၏ဟူသည့် စကားလုံးအစား ရေစင်တော်ချဟုလည်းကောင်း၊ မျက်မှောက်ခေတ်သုံး လယ်ယာမိုးမြေနှင့် ဆင်တူသည့် စကားလုံးအဖြစ် ဥယျာဉ်မိုးမြေဟုလည်းကောင်း လှပစွာသုံးစွဲထားသည်။ ထို့ပြင် ကျစ်လျစ်သော စကားလုံးများဖြစ်သည့် ကုလာလ္ဘောင်ဦ(ကျောင်းဦး၌ ဆက်သွယ်ဆောက်လုပ်ထားသည့် အဆောင်ငယ်)၊ တျာဤမ် (တရားအိမ်)၊ သာဆက်မွိယ်ဆက်(သားဆက်မြေးဆက်)၊ အသက်ဟိယ်သယှိယ် (အသက် ရှည်သရွေ့)၊ ထိုဝ် မြိုဝ်(ထိုမှတစ်ပါး)၊ ငါနိုင်ငံ စသည်တို့ကို သင့်လျော်သလို အသုံးပြုနိုင်ပြီဖြစ်ကြောင်းတွေ့ရှိရသည်။

မိမိအမည်ကို ငနိုင်ငံ၊ ငါမြန်မာ၊ သင်ကြီးနိုင်ငံစသည်ဖြင့် ပုဂံသားတို့ မှည့်ခေါ်ခဲ့ကြခြင်းသည် ပုဂံသားတို့၏ နိုင်ငံကိုချစ်သောစိတ်၊ မြတ်နိုးသောစိတ်ကို ဖော်ညွှန်းနေသည်ဟု ကျောက်စာများက သက်သေပြလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ အတွဲ(၁) (၂) (၃) (ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း (ဒေါက်တာတိုးလှ)**
- **မင်းသမီးအစောကြွမ်းကျောက်စာ**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၅၃၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဆားလင်းကြီး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၅၃၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၅၃၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၃၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ပဲစင်းငုံ ၁၅၃၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၅၃၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ယခုနှစ် ဆားလင်းကြီးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်လွင်ထူးက စားသုံးရန်မသင့်သည့် အစားအစာများနှင့် အချိုရည်များ အကြောင်း၊ စားသုံးသူရေးရာ ဥပဒေများအကြောင်းကို ဆွေးနွေးဟောပြောသည်။



ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ငါးဦးက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် စိတ်ပါဝင်စားစွာ မေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၂၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွေးသွေး**

# မမေ့နိုင်ပြီ အာဇာနည်

\- အာဇာနည် ဂုဏ်တင့်သည့်
ပန်းကိုးပွင့် ကြွေလွင့်ရာ
လဇူလိုင်ခါ၊
လူတိုင်းရင်မှာ
ရှုတိုင်းမြင်သာ ရှိသည်က၊
အာဇာနည်ပုဂ္ဂိုလ်များကို
လေးစားကာ ချစ်ခင်ဇောဖြင့်
လွမ်းမောတသ။

\- ကိုလိုနီနယ်ချဲ့များ
တို့ပြည်အား ကျူးကျော်ကာ
ခြယ်လှယ်ချိန်မှာ၊
တို့ပြည်မြန်မာ
လွတ်လပ်ကာ သာယာဖို့၊
အသက်ဘေးပင် မကြောက်မရွံ့
နောက်မတွန့် စွန့်စားခြင်းတွေ
ဆောင်ကြဉ်းသည်မို့။

\- ဝံသာနုရက္ခိတတရား
ထက်သန်ထွားသည့် အာဇာနည်၊
ခေတ်စနစ်တွေ ဘယ်သို့ပြောင်းရွှေ့
မမေ့နိုင်ပြီ၊
မြန်မာရွှေပြည်
တည်တံ့ကာနေသရွေ့၊
အာဇာနည်တို့ ကျေးဇူးတရားကို
တို့များမမေ့။ ။

**မနောသစ်(ပခုက္ကူ)**

# သာစည်မြို့နယ် ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောင်းစောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းစောက်ရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## အစ္စရေးနှင့် လက်ဘနွန်ဆွေးနွေးပွဲများ အီတလီနိုင်ငံ ရောမမြို့၌ ပြန်လည်စတင်



ရောမ ဇူလိုင် ၁၄

လက်ဘနွန်နှင့် အစ္စရေးနိုင်ငံတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အီတလီနိုင်ငံ ရောမမြို့၌ ယနေ့တွင် ပြန်လည်စတင်ကျင်းပနေကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယခုနှစ် မတ်လအတွင်း အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား စစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ကြားဝင်မှုဖြင့် အစ္စရေးနှင့် လက်ဘနွန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနေခြင်းဖြစ်သည်။

ယခုနှစ် မတ် ၂ ရက်တွင် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးတောင်ပိုင်းကို ဒုံးကျည်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခများ စတင်ခဲ့ပြီး အစ္စရေးတပ်များက လက်ဘနွန်တောင်ပိုင်းဒေသ နယ်မြေကို ထိန်းချုပ်ခဲ့သည်။

ရောမမြို့၌ ကျင်းပနေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်ရန် လက်ဘနွန်အစိုးရက မျှော်လင့်ထားသည်။

ဟစ်ဇ်ဘိုလာအုပ်စုနှင့် စစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးတပ်များသည် လက်ဘနွန်တောင်ပိုင်း၌ လုံခြုံရေးကြားခံနယ်မြေတစ်ခု သတ်မှတ်ထားသည်။

လက်ဘနွန်အနေဖြင့် ဟစ်ဇ်ဘိုလာအုပ်စုကို လက်နက်ဖြုတ်သိမ်းနိုင်ချိန်ထိတိုင် လက်ဘနွန်တောင်ပိုင်း၌ စစ်ရေးအရ ဆက်လက်နေရာယူထားမည်ဟု အစ္စရေးအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်ကိုစစ်ရေးအရ ပြန်လည်တိုက်ခိုက်မှု စတင်ကြောင်း တရားဝင်အသိပေးစာ လွှတ်တော်သို့ သမ္မတဒေါ်နယ်ထရမ့် ပေးပို့

ဝါရှင်တန် ဇူလိုင် ၁၄

အီရန်နိုင်ငံကို ဇူလိုင် ၇ ရက်မှစ၍ စစ်ရေးအရ ပြန်လည်တိုက်ခိုက်နေမှုနှင့် ပတ်သက်၍ တရားဝင်အသိပေးစာကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကွန်ဂရက်လွှတ်တော်ထံ ပေးပို့ထားကြောင်း ဇူလိုင် ၁၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တရားဝင်အသိပေးစာကို ကွန်ဂရက်လွှတ်တော်သို့ ပေးပို့ထားခြင်းဖြင့် သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက်မပါဘဲ အီရန်နိုင်ငံကို ရက် ၆၀ ထိ စစ်ရေးအရ တိုက်ခိုက်နိုင်မည်ဖြစ်သည်။

အမေရိကန် ပြည်သူများ၊ အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် မိမိ၏ တာဝန်ဝတ္တရားများအရ အီရန်ကို စစ်ရေးအရတိုက်ခိုက်ရန် အမေရိကန်တပ်မတော်ကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်၏ အဆိုပါတရားဝင်အသိပေးစာ၌ ဖော်ပြထားသည်။

ယခုနှစ် ဇွန် ၁၇ ရက်တွင် အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် အချက် ၁၄ ချက်ပါ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ရယူထားသော်လည်း ထိုစာချွန်လွှာပါအချက်များကို အီရန်နိုင်ငံက ချိုးဖောက်ခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ဟော်မုဇ်ရေလက်ကြားအတွင်း သွားလာနေသည့် ရေယာဉ်များကို အီရန်နိုင်ငံက တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်တပ်မတော်သည် အီရန်နိုင်ငံကို ဇူလိုင် ၇ ရက်တွင် စစ်ရေးအရတိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်စစ်ရေးပစ်မှတ်များကို တတိယမြောက်နေ့အဖြစ် အမေရိကန်တပ်မတော် ငါးနာရီခန့် တိုက်ခိုက်

နယူးယောက် ဇူလိုင် ၁၄

အမေရိကန်နိုင်ငံသည် ယနေ့ နံနက်ပိုင်းတွင် အီရန်စစ်ရေးပစ်မှတ်များကို ငါးနာရီခန့် ထပ်မံတိုက်ခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်သည် ယနေ့တွင် အီရန်ပစ်မှတ်များကို တတိယမြောက်နေ့အဖြစ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်တပ်မတော်အနေဖြင့် အီရန်နိုင်ငံကို ယနေ့မှစ၍ ရေကြောင်းပိတ်ဆို့မှုများ ပြန်လည် စတင်မည်ဖြစ်ကြောင်း အမေရိကန်ရေတပ် ပူးတွဲပင်လယ်ရေကြောင်း သတင်းအချက်အလက်ဗဟိုဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်ရေတပ်၏ အီရန်ရေကြောင်းပိတ်ဆို့မှုတွင် အီရန်ဆိပ်ကမ်း၊ ရေနံဆိပ်ကမ်းအားလုံး၊ ကမ်းရိုးတန်း နယ်မြေအားလုံး အကျုံးဝင်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်ရေတပ်၏ ခွင့်ပြုချက်မရဘဲ ရေကြောင်းပိတ်ဆို့မှု နယ်မြေမှထွက်ခွာရန် သို့မဟုတ် ထိုနယ်မြေအတွင်း ဝင်ရောက်ရန် ကြိုးပမ်းသည့် သင်္ဘောမှန်သမျှ ကြားဖြတ်တားဆီးမှု၊ လမ်းကြောင်းပြောင်းလဲမှု၊ ဖမ်းဆီးမှုများခံရမည်ဖြစ်ကြောင်း အမေရိကန် တပ်မတော်က သတိပေးပြောကြားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများကြောင့် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ကိုးရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆော်ဒီအာရေဗျနိုင်ငံ အက်ဘ်ဘာလေဆိပ်ကို ယီမင်အခြေစိုက် ဟူသီအုပ်စု တိုက်ခိုက်

ဆာနား ဇူလိုင် ၁၄

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် ဆော်ဒီအာရေဗျနိုင်ငံ အက်ဘ်ဘာ နိုင်ငံတကာလေဆိပ်ကို ဇူလိုင် ၁၃ ရက်တွင် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံ ဆာနားလေဆိပ်ကို ဇူလိုင် ၁၃ ရက်နံနက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ဟူသီသူပုန်အုပ်စုက အက်ဘ်ဘာလေဆိပ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အက်ဘ်ဘာလေဆိပ် တိုက်ခိုက်မှုတွင် လူအသေအပျောက် မရှိခဲ့သော်လည်း ဆော်ဒီအာရေဗျနှင့် ဟူသီသူပုန်အုပ်စုကြား စစ်ရေးတင်းမာမှု ပြန်လည်စတင်လာသည့် သဘောကို ပြသလျက်ရှိသည်။

ယီမင်နိုင်ငံ ဆာနား နိုင်ငံတကာလေဆိပ်ကို တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျ တာဝန်ရှိသူများက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်လေယာဉ်တစ်စင်း ဆင်းသက်လာမှုကို တားဆီးသည့်အနေဖြင့် ဆာနားလေဆိပ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာအသိအမှတ်ပြု ယီမင်အစိုးရ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO



## တောင်တရုတ်ပင်လယ်အရေး သတိထားရန် ဥရောပနိုင်ငံများကို တရုတ်သတိပေးပြောကြား




ပေကျင်း ဇူလိုင် ၁၄

ဥရောပ နိုင်ငံများအနေဖြင့် တောင်တရုတ်ပင်လယ်ဒေသနှင့် ပတ်သက်၍ ၎င်းတို့၏ ပြောကြားချက်များ၊ လုပ်ဆောင်ချက်များကို သတိထားကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတိပေး ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် နိုင်ငံတကာ အနုညာတ တရားရုံး၏ တောင်တရုတ်ပင်လယ် ဒေသဆိုင်ရာ ၂၀၁၆ ခုနှစ် စီရင်ချက်ကို တရားမဝင်စီရင်ချက်အဖြစ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန် ပြောကြားထားသည်။

နိုင်ငံတကာ အနုညာတ တရားရုံး၏ ၂၀၁၆ ခုနှစ် တောင်တရုတ်ပင်လယ်ဒေသ စီရင်ချက်ကို ထောက်ခံကြောင်း ဂျပန်၊ အမေရိကန်၊ ဥရောပနိုင်ငံတို့က ဇူလိုင် ၁၃ ရက်တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ တုံ့ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ တောင်တရုတ် ပင်လယ်ဒေသပိုင်ဆိုင်ခွင့် အရေးဆိုမှုများမှာ တရားဥပဒေအရ အခြေအမြစ်မရှိကြောင်း နိုင်ငံတကာ အနုညာတ တရားရုံးက ၂၀၁၆ ခုနှစ်တွင် စီရင်ချက်ချမှတ်ထားသည်။

သို့ရာတွင် နိုင်ငံတကာ အနုညာတ တရားရုံး၏ အဆိုပါစီရင်ချက်ကို တရုတ်အစိုးရက တရားမဝင် စီရင်ချက်အဖြစ် ငြင်းပယ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံယာဉ်လွှတ်တင်ရာတွင် မီသိန်းလောင်စာရည်ကို ပထမဆုံးအကြိမ်အသုံးပြုခဲ့



**ပေကျင်း ဇူလိုင် ၁၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံယာဉ်လွှတ်တင်ရာတွင် ဒုံးပျံလောင်စာရည်အဖြစ် သဘာဝဓာတ်ငွေ့ရည်(အယ်အင်ဂျီ)ကို အဆင့်မြင့်သန့်စင်ထုတ်လုပ်ထားသော မီသိန်းလောင်စာရည်ကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံအတွက် အယ်အင်ဂျီမှထုတ်လုပ်ထားသည့် မီသိန်းလောင်စာရည်ကိုအသုံးပြုနိုင်ခဲ့မှုသည် တရုတ်အာကာသ စက်မှုလုပ်ငန်း၏ လောင်စာရည်သစ် အသုံးချရေးလုပ်ငန်းစဉ်အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံယာဉ်ကို ဇူလိုင် ၁၀ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ပြီး ဒုံးပျံ၏ပထမအဆင့်ပင်မကိုယ်ထည်ကိုလည်း ပင်လယ်ပြင်အခြေစိုက် ပိုက်ကွန်စနစ်ဖြင့် အောင်မြင်စွာ ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

လောင်းမတ်ချ်-၁၀ ဘီ ဒုံးပျံယာဉ်ကိုလွှတ်တင်ရာတွင် အသုံးပြုခဲ့သည့် မီသိန်းလောင်စာရည်သည် အယ်အင်ဂျီဓာတ်ငွေ့ရည် တန် ၁၀၀၀ မှထုတ်ယူသန့်စင်ထားသည့် မီသိန်းဓာတ်ငွေ့ရည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

သမားရိုးကျ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့လောင်စာရည်နှင့် နှိုင်းယှဉ်ပါက အယ်အင်ဂျီမှထုတ်လုပ်ထားသော မီသိန်းလောင်စာရည်သည် သိုလှောင်စရိတ်နှင့်သယ်ယူပို့ဆောင်ရေးစရိတ်ကို ၄၀ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံကို တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်နန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## သြစတြေးလျကမ်းခြေတွင်တွေ့ရသည့် သတ္တုလုံးများက ဒုံးပျံယာဉ်တစ်စင်း၏ အစိတ်အပိုင်းများဖြစ်နိုင်

**ကင်ဘာရာ ဇူလိုင် ၁၄**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း သြစတြေးလျကမ်းခြေတွင် တွေ့ခဲ့သော ထူးဆန်းသည့်သတ္တုလုံးများသည် ဒုံးပျံယာဉ်တစ်စင်း၏ အစိတ်အပိုင်းများဖြစ်နိုင်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

သြစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် ဖောရက်ကမ်းခြေ၌ ဇူလိုင် ၁၀ ရက်က ထူးဆန်းသည့်သတ္တုလုံး သုံးလုံးကိုရှာဖွေတွေ့ရှိခဲ့ပြီး ဇူလိုင် ၁၁ ရက်တွင် နောက်ထပ်တစ်လုံးနှင့် ဇူလိုင် ၁၂ ရက်တွင် နှစ်လုံးထပ်မံတွေ့ရှိခဲ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ သြစတြေးလျတာဝန်ရှိသူများသည် အထက်ပါသတ္တုလုံးများ တွေ့ရှိရာနေရာကို ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်၍ ၎င်းသတ္တုလုံးများကို ထိတွေ့ခြင်းမရှိရန်လည်း အများပြည်သူများကို သတိပေးထားသည်။



သြစတြေးလျအာကာသအေဂျင်စီမှ ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါသတ္တုလုံးများသည် လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသော ဒုံးပျံယာဉ်တစ်စင်း၏ အစိတ်အပိုင်းများဖြစ်နိုင်ကြောင်း၊ အဆိုပါသတ္တုလုံးများသည် ဒုံးပျံယာဉ်များ၌ အသုံးပြုသည့် ဖိအားမြှင့်သတ္တုလုံးများဖြစ်နိုင်ကြောင်း သြစတြေးလျအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အရွယ်အစားအားဖြင့် ၁၀ စင်တီမီတာအထက်ရှိသော အာကာသအမှိုက်ပေါင်း ၃၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နိုင်ငံတကာအာကာသစခန်းပေါ်၌ ကျောက်ကပ်နှင့်အသည်းတစ်ရှူးများကို ဇီဝပုံနှိပ်နည်းပညာဖြင့် ဖန်တီးနိုင်

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်နိုင်ငံအခြေစိုက် အော့ဆီလီယမ် ဇီဝနည်းပညာကုမ္ပဏီသည် ဇီဝပုံနှိပ်နည်းပညာ (Bioprinting)ကို အသုံးပြု၍ နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ ကျောက်ကပ်နှင့်အသည်းတစ်ရှူးများကို ဖန်တီးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

အော့ဆီလီယမ်ဇီဝနည်းပညာကုမ္ပဏီသည် AMP 1 ခေါ် ဇီဝပုံနှိပ်နည်းပညာစနစ်ကို အသုံးပြု၍ နိုင်ငံတကာအာကာသစခန်းပေါ်၌ ကျောက်ကပ်နှင့်အသည်းတစ်ရှူးများကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AMP 1ခေါ် ဇီဝပုံနှိပ်နည်းပညာစမ်းသပ်မှုကို ယခုနှစ် ဇွန်လအတွင်း နိုင်ငံတကာအာကာသစခန်းပေါ်၌ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အော့ဆီလီယမ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

AMP 1ခေါ် ဇီဝပုံနှိပ်နည်းပညာဖြင့် ဖန်တီးထားသော ဇီဝနမူနာပစ္စည်းများသည် ဇွန် ၁၇ ရက်တွင် ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်လာခဲ့သည့် စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန် အာကာသကုန်တင်ယာဉ်က ပြန်လည်သယ်ဆောင်လာကြောင်း အော့ဆီလီယမ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

၂၀၁၈ ခုနှစ်ကလည်း ရုရှားအာကာသယာဉ်မှူး အိုလက်ကိုဒိုနင်ကိုသည် Organ.Aut အမည်ရှိ ဇီဝပုံနှိပ်စနစ်ကို ပထမဆုံးအကြိမ် စမ်းသပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## Creatine အားဖြည့်ဆေးများက ကင်ဆာရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၁၄**

ကာယဗလ လေ့ကျင့်သူများ သုံးစွဲလေ့ရှိသော Creatine အားဖြည့်ဆေးများသည် ကင်ဆာရောဂါများကို ကုသရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Creatine အားဖြည့်ဆေးများသည် ကင်ဆာဆဲလ်များကို ဖော်ထုတ်ရှင်းလင်းရာတွင် လူနာ၏ခုခံအားစနစ်ကို အကူအညီပေးနိုင်သည်။

Creatine အားဖြည့်ဆေးများကို ကာယဗလလေ့ကျင့်သူများက ကြွက်သားတည်ဆောက်မှု အထောက်အကူပြု ဆေးတစ်မျိုးအဖြစ် သုံးစွဲလေ့ရှိသည်။

သို့ရာတွင် ကြွက်များ၊ လူသားများဖြင့် လက်တွေ့ပြုလုပ်ခဲ့သော စမ်းသပ်မှုများမှပေါ်ထွက်လာသော ရလဒ်များအရ Creatine အားဖြည့်ဆေးများသည် လူ့ခုခံအားစနစ်၏ ကင်ဆာရောဂါ တိုက်ဖျက်နိုင်စွမ်း ပိုမိုထိရောက် အားကောင်းလာစေရေးအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

သုတေသနပညာရှင်များ၏ အဆိုအရ Creatine ဓာတုဒြပ်ပေါင်းနှင့် ထိတွေ့မိချိန်တွင် ခုခံအားစနစ်ဆဲလ်များ၏ ကင်ဆာတိုက်ဖျက်နိုင်စွမ်း ပိုကောင်းလာကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အထူးသဖြင့် Creatine ဆေးတွင်ပါဝင်သော ဓာတုဒြပ်ပေါင်းများသည် Dendritic Cell ခေါ် ခုခံအားစနစ်ဆဲလ်တစ်မျိုး ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ပုံမှန်အိပ်စက်ချိန်၌ မိနစ် ၈၀ ခန့်ဆုံးရှုံးပါက ကျန်းမာရေးဆိုးကျိုးများပေါ်ထွက်နိုင်ခြေမြင့်မား

**နယူးဒေလီ ဇူလိုင် ၁၄**

တစ်ရက်လျှင် ခုနစ်နာရီနှင့် ကိုးနာရီကြား အိပ်စက်မှုသည် ကျန်းမာရေးကိုအထောက်အကူပြုသော်လည်း ၎င်းအိပ်စက်ချိန်ပမာဏမှ မိနစ် ၈၀ မျှဆုံးရှုံးခဲ့ပါက ကျန်းမာရေးဆိုးကျိုးများ ပေါ်ထွက်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း အိန္ဒိယသုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

လေ့ကျင့်ခန်း ပြုလုပ်ခြင်းနှင့် အစားအစာ စားသောက်မှုပုံစံတို့သည် ကျန်းမာရေးအတွက် အရေးကြီးသကဲ့သို့ အိပ်စက်မှုပုံစံသည်လည်း ကျန်းမာရေးအတွက် အရေးကြီးကြောင်း အိန္ဒိယသုတေသနပညာရှင်များက ပြောကြားသည်။

အိန္ဒိယသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညစဉ် ပုံမှန်အိပ်စက်ချိန်တွင် မိနစ် ၈၀ ခန့်လျော့နည်းခဲ့ပါက ကိုယ်အလေးချိန်တက်လာခြင်း စသည့် အကျိုးဆက်များ ပေါ်ထွက်လာတတ်ကြောင်း၊ တစ်ညအိပ်စက်ချိန်သည် အရွယ်ရောက်သူများအတွက် ခုနစ်နာရီနှင့် ကိုးနာရီကြားရှိသင့်သည်။

အထက်ပါ ပုံမှန်အိပ်စက်ချိန် ပျက်ပြားခဲ့ပါက ကယ်လိုရီစားသုံးမှုမြင့်တက်လာခြင်း၊ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်းနည်းပါးလာခြင်း၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ခြင်း၊ အဝလွန်နိုင်ခြေ မြင့်တက်လာခြင်း၊ နှလုံးရောဂါနှင့် လေဖြတ်နိုင်ခြေမြင့်တက်လာခြင်း စသည့်ကျန်းမာရေးပြဿနာများပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO






## Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တွမ်ကင်မ်နှင့် ကင်မ်စီဝူတို့ ပါဝင်ယှဉ်ပြိုင်မည်

လန်ဒန် ဇူလိုင် ၁၄

အင်္ဂလန်နိုင်ငံတွင် ကျင်းပမည့် Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် တွမ်ကင်မ်နှင့် ကင်မ်စီဝူတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Open Championship ပြိုင်ပွဲကို ယခင်က British Open အမည်ဖြင့် ကျင်းပခဲ့ပြီး ဂေါက်သီးရိုက် လောကအတွက် အဓိကပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည်။

ထို့ပြင် အသက် ၂၄ နှစ်ရှိ တွမ်ကင်မ်သည် ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ပုံစံကောင်းများပြသထားကာ ပြီးခဲ့သောရက်ပိုင်းက စကော့တလန်နိုင်ငံတွင် ကျင်းပခဲ့သည့် Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

တွမ်ကင်မ်က"Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကစားရခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြိုင်ပွဲကျင်းပသွားမဲ့ Links Courses ဂေါက်ကွင်းဟာ ရိုက်ချက်ကောင်းတွေ ရိုက်နိုင်ခဲ့ရင်တောင် ရလဒ်ကောင်းရဖို့ ခက်ခဲပါတယ်။ ဒီပြိုင်ပွဲမှာတော့ အရေးကြီးဆုံးအချက်က စိတ်ရှည်သည်းခံမှုပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL



## အရှေ့တောင်အာရှဘော်လီဘောဖလားပြိုင်ပွဲကို မြန်မာဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၄

၆ ကြိမ်မြောက် အရှေ့တောင်အာရှ ဘော်လီဘောဖလားပြိုင်ပွဲ (6th SEA V Cup)ကို မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

၆ ကြိမ်မြောက် အရှေ့တောင်အာရှ ဘော်လီဘောဖလားပြိုင်ပွဲ (6th SEA V Cup)ကို ဇူလိုင် ၁၅ ရက်**(ယနေ့)**မှ ၁၉ ရက်ထိ ဖိလစ်ပိုင်နိုင်ငံ ကွန်ဇွန်မြို့ရှိ ကွန်ဇွန်အရီနာ အားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင် ဖိလစ်ပိုင်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား စသည့် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



အဆိုပါပြိုင်ပွဲကို ပထမအဆင့်အနေဖြင့် သုံးသင်းနှစ်အုပ်စု စတင်ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် အဆင့်သတ်မှတ်ချက်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အုပ်စုမဲခွဲမှုအရ အုပ်စု(A)တွင် အိမ်ရှင် ဖိလစ်ပိုင်အသင်း၊ အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ အုပ်စု(B)တွင် မြန်မာအသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်းတို့ တစ်အုပ်စုတည်းကျရောက်နေပြီး မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက်တွင် ထိုင်းအသင်း၊ ဇူလိုင် ၁၇ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ကစားသွားရမည်ဖြစ်သည်။

အုပ်စုပတ်လည် ပွဲများကို ဇူလိုင် ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဇူလိုင် ၁၈ ရက်တွင် အုပ်စု(A) ပထမရအသင်းနှင့် အုပ်စု(B) ဒုတိယရအသင်း၊ အုပ်စု(A) ဒုတိယရအသင်းနှင့် အုပ်စု(B) ပထမရအသင်း၊ အုပ်စု(A) တတိယရအသင်းနှင့် အုပ်စု (B) တတိယရအသင်းတို့က အဆင့်သတ်မှတ်ချက်ပွဲများအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ပြိုင်ပွဲနောက်ဆုံးနေ့အဖြစ် ဇူလိုင် ၁၉ ရက်တွင် အဆင့်သတ်မှတ်ချက်ပွဲများမှ အနိုင်ရသည့် အသင်းအချင်းချင်း ဆက်လက် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

## အာရှ ယူ- ၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ပါဝင်သည့်အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာအမျိုးသမီးအသင်းပါဝင်သည့်အုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုတစ်ခုချင်းစီတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံစီက လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းပါဝင်သည့် အုပ်စုကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အာရှ ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များကို လာမည့်အောက်တိုဘာ ၅ ရက် မှ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ခြေစစ်ပွဲစဉ်များအပြီးတွင် နောက်ဆုံးအဆင့်ပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ်တွင် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းကို နည်းပြအဖြစ် ဂျပန်လူမျိုး နည်းပြ တက်ဆူရိုက တာဝန်ယူကိုင်တွယ်နေပြီး နိုင်ငံတကာပြိုင်ပွဲများအတွက် အတွေ့အကြုံကောင်းများ ရရှိစေရန် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် Young Lionesses အသင်းအမည်ဖြင့် ပါဝင်ကစားနေကြောင်း သိရသည်။

STA

## မန္တလေးမြို့တွင် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပမည်

မန္တလေး ဇူလိုင် ၁၄

မန္တလေးမြို့၏ စီနီယာကစားသမားဟောင်းများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းစီစဉ်ကျင်းပမည့် အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မန္တလေးမြို့တွင် လာမည့်စက်တင်ဘာ ၁၉ ရက်မှ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးမြို့ရှိ ရွှေခြင်းလုံး အဆင့်မြင့်အားကစားရုံတွင် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီမှစတင်ပြီး အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် တစ်ရက်လျှင် ၁၀ ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုကို ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုကို ငွေကျပ် သိန်း ၂၀၊ တတိယဆုကို ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုကို ငွေကျပ် ငါးသိန်း၊ အဆင့်(၅) နေရာမှစတင်ပြီး အဆင့်(၈) နေရာတွင် ရပ်တည်မည့်အသင်းများကို နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် မန္တလေးမြို့ရှိ ရွှေခြင်းလုံး အဆင့်မြင့်အားကစားရုံ၌ လာမည့် စက်တင်ဘာ ၉ ရက်တွင် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ STA

## WBC International လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဟက်ဆိုက ကက်မန်းနှင့် ထိုးသတ်မည်

ဘာလင် ဇူလိုင် ၁၄

WBC International လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဂျာမနီလက်ဝှေ့သမား ဟက်ဆိုက စိန်ခေါ်သူ တစ်နိုင်ငံတည်းသား ကက်မန်းနှင့် ဇူလိုင် ၁၇ ရက်တွင် ဂျာမနီနိုင်ငံ၌ ထိုးသတ်မည်ဖြစ်ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




ဟက်ဆိုသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး စိန်ခေါ်သူ ကက်မန်းသည် ဝါရင့်လက်ဝှေ့သမားတစ်ဦး ဖြစ်ပြီး စိန်ခေါ်ပွဲ ၃၂ ပွဲတွင် လေးပွဲသာ ရှုံးနိမ့်ထားသည့် လက်ဝှေ့သမားဖြစ်သည်။

တစ်နိုင်ငံတည်းသားချင်း စိန်ခေါ်ထိုးသတ်မည့် ပွဲစဉ်ဖြစ်ပြီး အနိုင်ရရှိသူသည် WBC ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံကို စိန်ခေါ်နိုင်မည်လည်း ဖြစ်သည်။

ဟက်ဆိုက"ကျွန်တော့်အနေနဲ့ ကစားသမားဘဝရဲ့ အကောင်းဆုံးအချိန်ကို ရောက်နေပြီဖြစ်တဲ့အတွက် ဘယ်လိုပြိုင်ဘက်မျိုးကို မဆို စိန်ခေါ်ထိုးသတ်နိုင်ပါတယ်။ ကက်မန်းဟာ ကျွန်တော့်ထက် ဝါရင့်တယ်ဆိုပေမဲ့လဲ အသက်အရွယ်နဲ့ ကြံ့ခိုင်မှုပိုင်းက ကျွန်တော့်မှာ အားသာချက်ရှိပါတယ်။ ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်အတွက် အရေးကြီးပါတယ်။ အနိုင်ရရင် WBC ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံကို စိန်ခေါ်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည့် နော်ဝေအသင်းကို အော့စ်လိုမြို့၌ ပရိသတ်ထောင်ပေါင်းများစွာ ကြိုဆို



**အော့စ်လို ဇူလိုင် ၁၄**

လက်ရှိကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည့်နော်ဝေအသင်းကို ပရိသတ်ထောင်ပေါင်းများစွာက အော့စ်လိုမြို့၌ ကြိုဆိုခဲ့ကြကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေအသင်းသည် နှစ်ပေါင်းအတန်ကြာ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီးနောက် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲ ပြန်လည်အောင်မြင်ခဲ့ပြီး ရလဒ်ကောင်းများဆက်တိုက်ရယူခဲ့ကာ ကွာတားဖိုင်နယ်အဆင့်သို့ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နော်ဝေအသင်းသည် အစောပိုင်းက ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၆ သင်းရှုံးထွက်အဆင့်သာ အမြင့်ဆုံးတက်ရောက်ခဲ့ပြီး လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်သည်ထိ အောင်မြင်မှုများရယူခဲ့ပြီးနောက် နော်ဝေအသင်း ကစားသမားများကို အော့စ်လိုမြို့ လေဆိပ်မှစတင်ပြီး ထောင်ပေါင်းများစွာသော ပရိသတ်များက ကြိုဆိုခဲ့ကြခြင်းဖြစ်သည်။

နော်ဝေအသင်း ကစားသမားများ အနေဖြင့်လည်း လေဆိပ်မှ စတင်ပြီး အမိုးဖွင့်ဘတ်စ်ကားဖြင့် မြို့တွင်း လမ်းတစ်လျှောက် အောင်ပွဲခံမှုများ လုပ်ဆောင်ခဲ့ရာ ပရိသတ် ထောင်ပေါင်းများစွာက လမ်းမများထက်တွင် ကြိုဆိုအောင်ပွဲခံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ Ref : B/R Football

Trs : STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ဂျန်နစ်ခ်ဆင်နာက ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်

**လန်ဒန် ဇူလိုင် ၁၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သော ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် ဂျာမနီတင်းနစ် ကစားသမား ဇီရက်ဗ်က ကမ္ဘာ့အဆင့်(၃)နေရာမှ ကမ္ဘာ့အဆင့်(၂)နေရာသို့ တက်ရောက်ခဲ့ပြီး ယခင် ကမ္ဘာ့အဆင့်(၂) စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ဒဏ်ရာပြဿနာကြောင့် ကာလရှည် ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်းခဲ့သည်။

ကနေဒါ တင်းနစ်ကစားသမား ဖီလစ်အူဂါက ကမ္ဘာ့အဆင့်(၄)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဩစတြေးလျ တင်းနစ်ကစားသမား ဒီမီနေသည် ယခင် ကမ္ဘာ့အဆင့်(၆)နေရာမှ ကမ္ဘာ့အဆင့်(၅)နေရာသို့ တက်ရောက်နိုင်ခဲ့သည်။

အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်လ်တန်က ကမ္ဘာ့အဆင့်(၅)နေရာမှ ကမ္ဘာ့အဆင့်(၆)နေရာသို့ကျဆင်းခဲ့ပြီး ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်က ကမ္ဘာ့အဆင့်(၈)နေရာမှ ကမ္ဘာ့အဆင့်(၇)နေရာသို့ လည်းကောင်း၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က ကမ္ဘာ့အဆင့်(၉)နေရာမှ ကမ္ဘာ့အဆင့်(၈)နေရာသို့ လည်းကောင်း၊ ကမ္ဘာ့အဆင့်(၁၀)အီတလီ တင်းနစ်ကစားသမား ကိုဘိုလီက ကမ္ဘာ့အဆင့်(၉)နေရာသို့ လည်းကောင်း၊ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်က ကမ္ဘာ့အဆင့်(၉)နေရာမှ ကမ္ဘာ့အဆင့်(၁၀)နေရာသို့ ကျဆင်းခဲ့ကြောင်း သိရသည်။ Ref : Deadspin

Trs : AZL

# Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ နံနက် ၉ နာရီက ရွှေမန်းအသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ ကစားခဲ့ရာ ယူနိုက်တက်စီးတီးအသင်းက ၁၀ ဂိုး နှစ်ဂိုး၊ နံနက် ၁၀ နာရီခွဲက MIU Youth အသင်းနှင့် M2K FC အသင်းတို့ကစားခဲ့ရာ MIU Youth



အသင်းက လေးဂိုး နှစ်ဂိုး၊ မွန်းတည့် ၁၂ နာရီက Warm Brother အသင်းနှင့် ရန်ကုန်အကယ်ဒမီအသင်းတို့ကစားခဲ့ရာ ရန်ကုန် အကယ်ဒမီက ၁၂ ဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲက JV FC အသင်းနှင့် YCDC Dream Team အသင်းတို့ ကစားခဲ့ရာ YCDC Dream Team အသင်းက တစ်ဂိုး ဂိုးမရှိ၊ ညနေ ၃ နာရီက မဟာဘားမားအသင်းနှင့် ULAD FC အသင်းတို့ကစားခဲ့ရာ ULAD FC အသင်းက ငါးဂိုး သုံးဂိုး၊ ညနေ ၄ နာရီခွဲက Spartan Glory အသင်းနှင့် YRG FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

Fire Dragon Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၅ ရက် (ယနေ့)နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ STA

# Hyundai Cup 2026 ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုပထမပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် စတင်ကစားရမည်

**ရန်ကုန် ဇူလိုင် ၁၄**

ယခုလတွင် စတင်ကျင်းပမည့် Hyundai Cup 2026 ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်အဖြစ် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် မလေးရှားအသင်းနှင့် စတင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Hyundai Cup 2026 ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များတွင် အိမ်ကွင်းနှင့် အဝေးကွင်း နှစ်ပွဲစီ ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်းပွဲစဉ်နှစ်ပွဲကို သုဝဏ္ဏအားကစားကွင်း လက်ခံကစားမည်ဖြစ်သည်။

Hyundai Cup 2026 ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(B)တွင် မလေးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်း၊ ထိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာအသင်းသည် Hyundai Cup 2026 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မလေးရှားအသင်းနှင့်ပွဲစဉ်ပြီးလျှင် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် အဝေးကွင်း ပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် အိမ်ကွင်းပွဲစဉ်အဖြစ် လာအိုအသင်း၊ ဩဂုတ် ၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် အဝေးကွင်း ပွဲစဉ်အဖြစ် အသီးသီး ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဘရိုက်တန်အသင်းက စပါးအသင်းမှ ဗူစ်ကိုဗစ်ကို စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူ




**လန်ဒန် ဇူလိုင် ၁၄**

ဘရိုက်တန် အသင်းသည် စပါးအသင်းမှ ခံစစ်ကစားသမား ဗူစ်ကိုဗစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ဗူစ်ကိုဗစ်သည် ဘရိုက်တန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး ဘရိုက်တန်အသင်းက ကနဦး ပြောင်းရွှေ့ကြေး ၄၆ သန်းကို စပါးအသင်းကို ပေးချေခဲ့ရသော်လည်း ကစားသမား၏ စွမ်းဆောင်ရည်အတွက် အပိုဆုကြေးအဖြစ် စတာလင်ပေါင် လေးသန်းပါဝင်ခဲ့သည့်အတွက် စုစုပေါင်း စတာလင်ပေါင် သန်း ၅၀ ထိ အသုံးပြုခဲ့ရသည်။

ထို့ပြင် ဘရိုက်တန်အသင်း အနေဖြင့် ဗူစ်ကိုဗစ်ကို ၂၀၃၁ ခုနှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက နောက်ထပ်တစ်နှစ် သက်တမ်းတိုးနိုင်သည့် အချက် ပါဝင်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၉ နှစ်ရှိ ဗူစ်ကိုဗစ်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက စပါးအသင်းမှ ဟမ်းဘတ်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၃၀ ထိ ပါဝင်ကစားခွင့်ရခဲ့ပြီး ခြေစွမ်းပြသခဲ့သည့်အတွက် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းက ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံးဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

ထို့ပြင် ဘရိုက်တန်အသင်းသည် ပြီးခဲ့သည့်လက ခံစစ်ကစားသမား ဗန်ဟက်ကီကို စပါးအသင်းထံ ရောင်းချခဲ့ပြီးနောက် ခံစစ်ပိုင်း လိုအပ်ချက်အတွက် ပြန်လည်ဖြည့်တင်းရန်ကြိုးပမ်းခဲ့ရာ စပါးအသင်းမှပင် ခံစစ်ကစားသမား ဗူစ်ကိုဗစ်ကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# မိုးရာသီကာလအတွင်း ရော်ဘာစိုက်ခင်းပြုစုထိန်းသိမ်းခြင်းနှင့်မိုးကာအုပ်အစေးခြစ်ခြင်း

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များပို့ကုန်ကဏ္ဍတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်းမှာ အဓိကကျသော ပို့ကုန်ကဏ္ဍတစ်ခုဖြစ်သည်။ ထိုသို့မြန်မာနိုင်ငံ၏ စီးပွားရေးတွင်အရေးပါသော ရော်ဘာသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သည့်အတွက် ရာသီဥတုအခြေအနေပေါ်မူတည်၍ စနစ်တကျပြုစု စောင့်ရှောက်ရန်လိုအပ်သည်။ အထူးသဖြင့် မိုးသည်းထန်စွာရွာသွန်းလေ့ရှိသော ဇူလိုင်လသည် ရော်ဘာပင်များအတွက် ရောဂါကျရောက်မှု အများဆုံးနှင့် ထိန်းသိမ်းရအခက်ဆုံး အချိန်ဖြစ်သည်။ ရော်ဘာစိုက်တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထားသော စိုက်ခင်းများတွင် ရော်ဘာပင်များ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန်နှင့် အပင်သေပျောက်မှုရှိပါကလည်း အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိလိုက်နာဆောင်ရွက်ကြရန်လိုအပ်သည်။

**စိုက်ခင်းအသစ် စိုက်ပျိုးခြင်းနှင့်ဖာထေးခြင်း**

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေအရ ရော်ဘာစိုက်ပျိုးရန် အကောင်းဆုံးအချိန်မှာ မိုးဦးကာလဖြစ်ပြီး ဇူလိုင်လကုန် နောက်ဆုံးထား၍ စိုက်ပျိုးခြင်းနှင့် အပင်ဖာထေးခြင်းလုပ်ငန်းများ အပြီးသတ် ဆောင်ရွက်သင့်သည့်အချိန်ဖြစ်သည်။ ဇူလိုင်လထက်နောက်ကျပြီး စိုက်ပျိုးပါက အပင်အသေအပျောက်များနိုင်သဖြင့် ကျန်းမာသန်စွမ်းသည့် (နှစ်ဖုံရင့်) ဖူးဆက်ရော်ဘာပျိုးပင်များကို အမြန်ဆုံးမြေချစိုက်ပျိုးရမည်။ ထို့ပြင် မြေချစိုက်ပျိုးပြီးချိန်မှ တစ်လအတွင်း အပင်အသေအပျောက်များရှိ၊ မရှိကို သေချာစွာစစ်ဆေး၍ အပင်သေပျောက်မှုရှိပါက အမြန်ဆုံးဖာထေး စိုက်ပျိုးခြင်းကို ဇူလိုင်လအတွင်း အပြီးသတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပိုးမွှားတိရိစ္ဆာန်များဖြစ်သည့် ကြွက်၊ ပွေးတို့၏ အန္တရာယ်ကိုလည်း ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ထားရန်လိုအပ်သည်။ ထို့ပြင် အပင်ခြေရေမဝပ်အောင်ဆောင်ရွက်ခြင်း၊ နွယ်ပင်များရစ်ပတ်နေပါက ဖြတ်တောက်ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများကိုလည်း အပြီးသတ်ဆောင်ရွက်ရန်လိုအပ်သည်။

**ပေါင်းမြက်ရှင်းလင်းခြင်းနှင့်မြေဆီလွှာထိန်းသိမ်းခြင်း**

ဇူလိုင်လတွင် ပေါင်းမြက်များအလွန်အကျွံပေါက်ရောက်တတ်သည်။ ပေါင်းမြက်များသည် ရော်ဘာပင်၏ အာဟာရဓာတ်များကို ခွဲဝေယူသောကြောင့် အပင်ကြီးထွားမှုကိုထိခိုက်စေပြီး ရောဂါပိုးမွှားများ(ပွေး၊ ကြွက်) ခိုအောင်းရာနေရာလည်း ဖြစ်စေနိုင်သည်။ အပင်ခြေတစ်ဝိုက်ရှိ ပေါင်းမြက်များကို ရှင်းလင်းပေးခြင်းဖြင့် စိုက်ခင်းအတွင်း လေဝင်လေထွက်ကောင်းမွန်စေပြီး စိုထိုင်းဆ လျော့နည်းကာ မှိုရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ရန်နှင့် ပေါင်းမြက်ပေါက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် ပဲမျိုးရင်းဝင်မြေဖုံးအပင်များဖြစ်သော ထောက်လှန့်နွယ်ပင်၊ ပဲနော်ပင်များကို စိုက်ပျိုးနိုင်သည်။

**မြေသြဇာ အာဟာရဖြည့်တင်းခြင်း**

ပုံမှန်အားဖြင့် ရော်ဘာပင်များကို မိုးဦးကာလတွင် မေ၊ ဇွန်လနှင့် မိုးနှောင်းကာလတွင် စက်တင်ဘာ၊ အောက်တိုဘာလများတွင်မြေသြဇာကျွေးလေ့ရှိသည်။ ဇူလိုင်လသည် မိုးသည်းထန်လွန်းသဖြင့် မြေသြဇာကျွေးပါက မိုးရေနှင့်အတူပါသွားနိုင်ခြေများသည်။ ထို့ကြောင့် မိုးနှောင်းမြေသြဇာကျွေးမည်ဆိုပါက မိုးနည်းပါးသွားချိန်ကို စောင့်ဆိုင်း၍ ကျွေးရန်အကြံပြုလိုပါသည်။ ယနေ့အချိန်အခါတွင် ဓာတ်မြေသြဇာတစ်မျိုးထဲ ကျွေးခြင်းထက် ဓာတ်မြေသြဇာ တစ်ဆနှင့် သဘာဝမြေသြဇာ (နွားချေး၊ ကြက်ချေး၊ ဘိုကာရှီ) သုံးဆတို့ကို ရောစပ်ကျွေးခြင်းဖြင့် မြေဆီလွှာ၏ဖွဲ့စည်းပုံနှင့် အာဟာရဓာတ်ကို တိုးတက်စေနိုင်သည်။

**အစေးခြစ်ခြင်း**

မိုးရာသီကာလသည် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် အစေးခြစ်ရန် အခက်အခဲများစွာရှိသောအချိန်ဖြစ်၍ အစေးခြစ်ခြင်းကို ရပ်နားထားရသည်။ ထိုအချိန်တွင် မိုးကာအုပ်အစေးခြစ်ခြင်း (Rain Guard Tapping) နည်းပညာကို အသုံးပြု၍ အစေးခြစ်မည်ဆိုပါက ရော်ဘာအထွက်နှုန်းပိုမိုရရှိနိုင်မည်ဖြစ်သည်။



မိုးကာအုပ်အစေးခြစ်နည်းဖြင့်အစေးခြစ်မည့် ရော်ဘာစိုက်ခင်းကို တွေ့ရစဉ်။

မိုးကာအုပ်အစေးခြစ်ခြင်းတွင် အဓိကအားဖြင့် Apron/Skirt Type Rain Guard (စကတ်ပုံစံ မိုးကာ)၊ Gutter Type Rain Guard (ရေတံလျှောက်ပုံစံ မိုးကာ)နှင့် Poly bag/ Cap Type Rain Guard (ပလတ်စတစ်အိတ် သို့မဟုတ် ဦးထုပ်ပုံစံဖြင့် အုပ်ထားသော မိုးကာပုံစံ) ဟူ၍ မိုးကာပုံစံအမျိုးအစား သုံးမျိုး အသုံးပြုလေ့ရှိသည်။ စကတ်ပုံစံ မိုးကာအမျိုးအစားကို ပိုမိုအသုံးပြုလေ့ရှိပြီး ရော်ဘာပင်၏ ပင်စည်ကို ဝန်းရံကာကွယ်ပေးသည့်ပုံစံဖြစ်သည်။ ပုံမှန်အားဖြင့် ပလတ်စတစ် သို့မဟုတ် အခြားရေစိုခံ ပစ္စည်းများဖြင့် ပြုလုပ်ထားပြီး ရော်ဘာပင်၏ အစေးခြစ်ထားသော နေရာအပေါ်တွင်ကပ်၍ တပ်ဆင်ထားခြင်းဖြစ်သည်။ မိုးကာအုပ်အစေးခြစ်စနစ်တပ်ဆင်ရန်အတွက် အောက်ပါပစ္စည်းများ လိုအပ်ပါသည်။

- (က) ပလတ်စတစ် (Polyethene) Apron Type အကျယ် စင်တီမီတာ ၆၀ (၂၄ လက်မ)ရှိသော ပလတ်စတစ်စ
- (ခ) Bitumen Compound ခေါ် Rainguard Compound (မိုးရေကာဒြပ်ပေါင်း)
- (ဂ) စုတ်တံ
- (ဃ) ချုပ်စက်နှင့်ချုပ်အပ်များ
- (င) Plastic Tape (ပလတ်စတစ်တိပ် အပြားကြီး)

**မိုးကာတပ်ဆင်နည်းအဆင့်ဆင့်**

မိုးကာတပ်ဆင်မည့်ပင်စည်မှာ လုံးဝခြောက်သွေ့နေစေရန်လိုအပ်ပြီး အစေးခြစ်မျက်နှာစာအပေါ်ဘက် (သုံးလက်မခန့်အကွာ)ရှိ အခေါက်ကြမ်းများ၊ မှိုများ၊ အညှိများကို ဓားဖြင့်ခြစ်ကုတ်သန့်ရှင်းပေးပါ။

သန့်ရှင်းရေးလုပ်ထားသောနေရာတွင် မိုးရေကာဒြပ်ပေါင်းကို ပတ်ပတ်လည် သို့မဟုတ် အစေးခြစ်မြောင်းပေါ်တည့်တည့်တွင် စုတ်တံဖြင့်ညီညာစွာ သုတ်ပေးရမည်။

ဖြတ်တောက်ထားသော မိုးကာပလတ်စတစ်စကို မိုးရေကာဒြပ်ပေါင်း သုတ်ထားသော နေရာပေါ်တွင် တင်၍ လှိုင်းတွန့်များအတိုင်း မိုးရေလုံးဝမဝင်စေရန် သေချာစွာ ဖိကပ်ထားရမည်။

ပလတ်စတစ်အပေါ် အနားစွန်းများကို ပိုမိုခိုင်ခံ့စေရန်နှင့် ရေမဝင်စေရန်ပလတ်စတစ်တိပ်ဖြင့် ရော်ဘာပင်ကိုပတ်၍ တင်းကြပ်စွာထပ်မံကပ်ထားပေးရမည်။

ပလတ်စတစ်၏အောက်ခြေကိုအစေးခြစ်မျက်နှာစာနှင့် အစေးခံခွက်ပေါ်တွင် စကတ်ကဲ့သို့ လွှမ်းအုပ်ဖြန့်ချပေးရမည်။ လေတိုက်ပါက လန်မတက်စေရန် ပလတ်စတစ် စကတ်အောက်စွန်းနားကို ဝိုင်ယာကြိုး သို့မဟုတ် နီးဖြင့်ပင်စည်တွင် ချည်နှောင်ထားနိုင်ပါသည်။

အထက်ဖော်ပြပါ မိုးကာအုပ်အစေးခြစ်စနစ် တပ်ဆင်အသုံးပြု၍ အစေးခြစ်နည်း အဆင့်အဆင့်ကို လက်တွေ့လေ့လာဆောင်ရွက်လိုပါက နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်)၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးခြံ(မုဒုံ)နှင့် နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (အင်းတကော်)တို့တွင် လာရောက်လေ့လာနိုင်သည်။ မိုးကာအုပ်အစေးခြစ်စနစ်တပ်ဆင်အသုံးပြုခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

မိုးရာသီတွင် အစေးခြစ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သဖြင့် တစ်နှစ်စာ အစေးထွက်နှုန်းကို ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ တိုးမြှင့်ရရှိနိုင်သည်။

အထွက်တိုး၍ တောင်သူများ၏ ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။

တပ်ဆင်ထားသောမိုးကာ(Rain Guard)သည် မိုးရေနှင့်ရော်ဘာ အစေးရည်များ ရောနှောခြင်းမှ ကာကွယ်ပေးသဖြင့် အစေးသားကောင်းမွန်ပြီး ရော်ဘာအရည်အသွေးကို ထိန်းသိမ်းထားနိုင်သည်။

မိုးတွင်းကာလတွင် အစေးခြစ်ခြင်းလုပ်ငန်းကို ရပ်နားရန်မလိုဘဲ ဆက်လက်လုပ်ဆောင်နိုင်သဖြင့် ရော်ဘာအစေးခြစ်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းကိုလည်း ပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်သည်။

**မိုးကာအုပ်အစေးခြစ်စနစ်အသုံးပြုပါက သတိပြုလိုက်နာရန်များ**

မိုးကာအုပ်ထားခြင်းကြောင့် ပလတ်စတစ်အောက်တွင် စိုထိုင်းဆမြင့်မားပြီး မှိုရောဂါ ဖြစ်ပွားလွယ်သည်။ ထို့ကြောင့် အစေးစုသိမ်းပြီးတိုင်း သို့မဟုတ် တစ်ပတ်တစ်ကြိမ် မှိုသတ်ဆေး (Metal-axyl)ကဲ့သို့သော ဆေးများကို အစေးခြစ်မျက်နှာစာတွင် သုတ်ပေးရမည်။

မိုးရွာသွန်းပြီးနောက် မိုးရေစိမ့်ဝင်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးပေးရန် လိုအပ်ပြီး မိုးရေယိုစိမ့်မှုရှိပါက တွင်းထွက်ကတ္တရာ ပြန်သုတ်ပေးရမည်။

မိုးစဲ၍ နေပူသောနေ့တွင် ဖြစ်နိုင်ပါက မိုးကာအောက်စွန်းနားကိုအပေါ်သို့ အနည်းငယ်လိပ်တင်ပေးခြင်းဖြင့် လေဝင်လေထွက်ရစေပြီး ရောဂါကျရောက်မှုကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**ရောဂါနှင့်ပိုးမွှားကာကွယ်နှိမ်နင်းခြင်း**

ဇူလိုင်လ၏စိုစွတ်သောရာသီဥတုသည် မှိုရောဂါကျရောက်တတ်သော အကောင်းဆုံးအခြေအနေဖြစ်သည်။ ဇူလိုင်လ၏ စိုထိုင်းဆမြင့်မားမှုနှင့် မိုးများမှုများကြောင့် ရော်ဘာပင်များတွင် အောက်ပါရောဂါများအဖြစ်များတတ်သည်။

သီးပုပ်ရွက်ကြွေရောဂါ (Phytophthora)မှာ ဇွန်လမှစက်တင်ဘာလအတွင်း အဖြစ်များပြီး အရွက်ကြွေရောဂါ (Abnormal Leaf Fall)ကို သတိပြုရမည်ဖြစ်သည်။ ၎င်းရောဂါကာကွယ်ရန်အတွက် ဘော်ဒိုးဆေးရည် သို့မဟုတ် ကြေးနီဓာတ် ပါဝင်သော မှိုသတ်ဆေးများကို ကြိုတင်ပက်ဖျန်းပေးသင့်သည်။

ပန်းရောင်မှိုရောဂါ(Pink Disease) မှာ အပင်ငယ်များနှင့်ကိုင်းကြားများတွင် အဖြူရောင်၊ ပန်းနုရောင်မှိုမျှင်များ တွေ့ရတတ်သည်။ ရောဂါရနေသော ကိုင်းများကို ဖြတ်တောက်မီးရှို့ပြီး ဘော်ဒိုးဆေးရည် သုတ်ပေးရမည်။

အမဲစင်းရောဂါ(Black Stripe) မှာ အစေးခြစ်မျက်နှာပြင်တွင် အမည်းရောင်အစင်းကြောင်းများ ပေါ်လာပြီး အခေါက်ပုပ်သွားတတ်သည်။ မိုးရွာနေစဉ် အစေးခြစ်ခြင်းကိုရှောင်ကြဉ်ပြီး အစေးခြစ်မျက်နှာပြင်ကို မှိုသတ်ဆေး (Metalaxyl) ပုံမှန်သုတ်ပေးရမည်။

အချုပ်အားဖြင့် ရော်ဘာစိုက်ပျိုးခြင်းသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် မိုးရာသီ (ဇူလိုင်လ) အတွင်း စိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်း၊ အာဟာရဓာတ်ဖြည့်တင်းခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းများ အထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်သည်။ မှိုရောဂါများကို အထူးဂရုပြုကာ စိုက်ခင်းသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းစနစ်များကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရော်ဘာပင်များ ကျန်းမာစွာကြီးထွားစေပြီး ရေရှည်တွင်အထွက်နှုန်းကောင်းမွန်နိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိုးရာသီကာလတွင် အစေးခြစ်ရပ်နားခြင်းမပြုဘဲ Rain Guard Tapping (မိုးကာအုပ်အစေးခြစ်စနစ်)ကို စနစ်တကျ တပ်ဆင်အသုံးပြုခြင်းဖြင့် ရော်ဘာစိုက်တောင်သူများ အထွက်တိုး၊ ဝင်ငွေတိုးတက်ကောင်းမွန်ကာ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

တေဇာဝင်း(နှစ်ရှည်ပင် သုတေသန)

# ပွဲရှိတ်ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၇ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဇူလိုင် ၁၄

The Thinker ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပွဲရှိတ်ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၇ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ပွဲရှိတ်ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ရာဇဝင်ကိုထံမှ သိရသည်။

ပွဲရှိတ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒိန်းဒေါင်နှင့် ရာဇဝင်ကိုတို့က ရေးသားထားကြပြီး ဒါရိုက်တာ ရာဇဝင်ကိုက The Thinker ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ဟာသဇာတ် မြူးလေးပါ။ သဘာဝကျကျ ဟာသလေးပါ။ ကျွန်တော်တို့ ပတ်ဝန်းကျင် ရပ်ထဲရွာထဲမှာ ကြုံဖူးနေကျ အလွဲလေးတွေပါမယ်။ ရှုပ်ထွေးပွေလီနေတဲ့ အလွဲတွေနဲ့ ဘယ်လိုရယ်နေရမလဲ။ အလွဲပေါင်းများစွာကို ရယ်နေရမဲ့ ဇာတ်ကားပါ"ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြသည်။

The Thinker ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပွဲရှိတ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ မင်းဘုန်းမြတ်၊ ထက်ယံ၊ ဒိန်းဒေါင်၊ သွက်လက်၊ မျိုးကိုကိုကျော်၊ ခြူးလေး၊ ထွန်းပုလဲရတနာ၊ ပက်စီ၊ ဧည့်သည် သရုပ်ဆောင်အဖြစ် ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ကောင်းပြည့်၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ အေးမြတ်သူ၊ နန်းစုရတီစိုး၊ ရွှေပိုးအိမ်နှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ Rock & Romance အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို မန္တလေးမြို့ရှိ The Square Theatre Bar ၌ ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၄

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ Rock & Romance အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် ရင်ဂိုထံမှ သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ Rock & Romanceအမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ The Emperor music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၂၈ ရက်မှာThe Square Theatre Bar မှာ ကျွန်တော်နဲ့ ကိုညီထွဋ်တို့ရဲ့ Rock & Romance တေးဂီတဖျော်ဖြေပွဲ




ကျင်းပမှာဖြစ်ပါတယ်။ ကိုညီထွဋ်ကြီးနဲ့အတူ တေးသီချင်းတွေကို တဝကြီး နားဆင်ရနိုင်ဖို့အတွက် ကြိုတင် ပြင်ဆင်နေပါတယ်။ အဲဒီနေ့မှာ မဆုံဖူးသေးတဲ့ မန္တလေးက ပရိသတ်တွေနဲ့ ထပ်ဆုံချင်သူတွေ အားလုံးကိုလာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ရင်ဂိုက ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂိုတို့၏ Rock & Romance အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ ဇူလိုင် ၂၈ ရက်တွင် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ်ရုပ်ရှင်ဇာတ်ကား Family Show ပြုလုပ်

ရန်ကုန် ဇူလိုင် ၁၄

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ်ရုပ်ရှင်ဇာတ်ကား Family Show အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ မီချယ်ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ မယ်မင်းဘုံထံမှ သိရသည်။

အဆိုပါ မီချယ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ မယ်မင်းဘုံကပင် ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ထိပ်ထိပ် (စထိပ်ထားဦး) အတွက် ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားဖြစ်သလို ထိပ်ထိပ်ရဲ့ အနုပညာအရည်အသွေးကို မြင်ခွင့်ရမဲ့ ဇာတ်ကားလဲဖြစ်ပါတယ်။ အော်တစ်ဇင်မိန်းကလေး တစ်ယောက်ရဲ့ ဘဝရိုးလမ်း တစ်လျှောက်မှာတွေ့ရမဲ့ ချစ်ခြင်း၊ နာကျင်ခြင်းတွေနဲ့ နားလည်လက်ခံခြင်းရဲ့တန်ဖိုးကို ရင်ဘတ်ချင်းထပ်တူခံစားရမဲ့ မိသားစု ဒရာမာဇာတ်ကား ဖြစ်ပါတယ်။ ဒီဇာတ်ကားကို အော်တစ်ဇင် ရောဂါဖြစ်နေတဲ့ ကလေးတွေရဲ့ မိဘတွေတိုင်း ကြည့်ရှုသင့်ပါတယ်"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ချောရတနာ၊ ရတနာဗို၊ ဆုအိမ့်စံ၊ စထိပ်ထားဦး၊ ချိုပြုံး၊ ဝါဝါအောင်၊ ဧည့်သည် သရုပ်ဆောင်အဖြစ် ညီနန္ဒနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Trash Queen ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ခရစ်ကတ်တန် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇူလိုင် ၁၄

Trash Queen အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ခရစ်ကတ်တန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

Trash Queen ဇာတ်ကားသည် မင်းသား ခရစ်ကတ်တန်အတွက် House on Haunted Hill (1999) ဇာတ်ကားနောက်ပိုင်း ပထမဆုံး ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Trash Queen ဇာတ်ကားတွင် ခရစ်ကတ်တန်သည် မင်းသား မက်တီကာဒါရိုပယ်၊ မင်းသမီး လင်းလိုရီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Trash Queen ဇာတ်ကား၌ မင်းသား ခရစ်ကတ်တန်ပါဝင် သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂါဘရီယယ်ရှော့ဆန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အမ်မလီတူးလော့က ရေးသားပေးထားသည်။

Trash Queen ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Moonsong: A Life In Seven Verse ဇာတ်ကား၌ အယ်လီဖန်းနင်းနှင့် ဂျူလီယံမိုးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၁၄

Moonsong: A Life In Seven Verse အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အယ်လီဖန်းနင်းနှင့် ဂျူလီယံမိုးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာမ မာဂရက်ဝိုက်ဘရောင်း၏ ခေါင်းစဉ်အမည်တူ ကလေးပုံပြင်စာအုပ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ရီဘက်ကာမီလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Moonsong: A Life In Seven Verse ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ရီဘက်ကာမီလာကပင်တာဝန်ယူရေးသားမည်ဖြစ်သည်။

Moonsong: A Life In Seven Verse ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ၂၀၂၇ ခုနှစ် နွေဦးရာသီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Vice President Daw Nan Ni Ni Aye inspects School for Children with Disabilities, Women's Development Center, and Vocational Training School in Yangon Region



Vice President Daw Nan Ni Ni Aye visits women receiving vocational training.

**Nay Pyi Taw July 14**

Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar, accompanied by Deputy Ministers Daw San San Nwe and Dr. Thant Zaw Lwin, Yangon Region ministers and officials, today inspected several social welfare and vocational training institutions in Yangon Region, including the School for Children with Disabilities, Care Home for Children with Disabilities, Women's Development Center, Women's Vocational Training School, and Home Science Vocational Training School.

During the morning visit to the School for Children with Disabilities in Mayangone Township, the Vice President was briefed by the Deputy Director General of the Department of Social Welfare on the background, objectives, staffing, capacity, healthcare services, and educational and vocational training programs of the school and care home. The briefing also covered efforts to enhance the intellectual and practical skills of children with disabilities. The Vice President discussed necessary measures with responsible officials, provided cash assistance to the institutions, and presented the support through Deputy Minister Dr. Thant Zaw Lwin, who accepted the contribution and returned a certificate of appreciation.

She later inspected rehabilitation activities, classroom learning programs for different age groups, and care services provided to children with disabilities. She also visited the Metta Sann Eain Coffee Shop, where children receive practical vocational training, along with the dormitories and dining hall. During her interaction with the children, the Vice President encouraged them and instructed officials to implement suitable education programs based on age groups and types of disabilities, ensure proper healthcare and nutrition, provide psychosocial support, maintain a safe learning environment, and cooperate with parents and guardians to support the children's development.

Established on October 6, 1971, the School for Children with Disabilities aims to help children with disabilities live independently and participate in society. The school is currently providing education, care and vocational training to 250 children with disabilities across different age groups.

The Vice President and her delegation next visited the Women's Development Center in Kamayut Township, where the center's officer in charge explained its operations, including vocational training programs, job placement support, healthcare services, and other activities. After discussing the center's requirements with officials, the Vice President provided cash assistance, which was accepted by Deputy Minister Daw San San Nwe, who presented a certificate of appreciation in return.

She then inspected the center's weaving workshop, sewing room, sales outlet displaying handmade textile products, and dormitories. The Vice President instructed officials to continue promoting women's empowerment programs in cooperation with relevant organizations in line with national policies and coordinated measures to support the center's needs.

In the afternoon, the Vice President visited the Women's Vocational Training School in Bahan Township. The school principal briefed her on ongoing programs and activities, after which she discussed matters of interest, provided cash assistance, and toured the school facilities.

She also visited the Home Science Vocational Training School in Bahan Township and observed training programs, including basic and advanced women's garment sewing, home management, flower arrangement, plastic basket weaving, and food preparation courses. She also visited the "Sanpya Yin Thway Eain" Nursery School located within the school compound. The Vice President instructed officials to provide modern, practical, and skill-oriented vocational training, strengthen cooperation with relevant government departments and the private sector to create employment opportunities, and offer market-oriented vocational skills training to help women secure jobs and establish their own livelihoods. MNA

# 3,000 acres of vegetables planted in Indaw Township

**Indaw July 14**

A total of 3,000 acres of croplands have been placed under vegetable plantations in Indaw Township of Sagaing Region this year, according to the township Agriculture Department's data.

Local authorities in Indaw Township earmarked to cultivate 4,025 acres of vegetable crops as monsoon crops this year. Cultivation of these vegetables began in May this year, and as of today, a total of 3,000 acres have already been planted.

"It is planned to cultivate over 4,000 acres of vegetables in Indaw Township this monsoon season. So far, 3,000 acres have already been cultivated. Efforts are being made to achieve the target acreage. The crops include mustard, chili, spices, potatoes, coffee plants, eggplant, and leafy vegetables. Technical assistance is being provided to farmers to ensure that all vegetable crops are cultivated under GAP (Good Agricultural Practices) standards. Farmers are also being provided with technical guidance to ensure that all vegetables produced have minimal chemical residues and are safe for human health," said U Thein Hkaing, Head of the Indaw Township Department of Agriculture.

It is reported that the Township Department of Agriculture is conducting training for vegetable farmers on GAP-based cultivation methods, providing technical support to ensure that harvested vegetables are safe and healthy, and encouraging farmers to expand vegetable cultivation.

In Indaw Township, a variety of seasonal vegetables are grown annually. It is reported that these crops are successfully cultivated, contributing to household income. The Township Department of Agriculture is also providing awareness on proper cultivation techniques, pest prevention, and the use of natural fertilizers, natural pesticides, and pest-repellent preparations. 206

# Dabayin Township sees harvest of all summer sesame plantations during summer cropping season

**Dabayin July 14**

The Township Agriculture Department stated that local farmers have harvested all plantations of summer sesame in Dabayin Township of Sagaing Region this year.

In Dabayin Township, Dipeyin Township, during this year's summer cropping season, a total of 10,349 acres of summer sesame was cultivated. Harvesting of the cultivated sesame fields began in May this year, and as of now, harvesting has been completed on 100 percent of the acreage, with an average yield of 17.08 baskets per acre.

"This year's summer cropping season in Dabayin Township, sesame was cultivated on 10,349 acres. At present, harvesting of all sesame fields has been fully completed. As for sesame cultivation, it has been possible to expand beyond the target acreage. Efforts are also being made to expand sesame cultivation, improve yields, and promote Good Agricultural Practices (GAP)," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

During this year, the Township Agriculture Department provided awareness and guidance to farmers on expanding sesame cultivation, applying proper farming techniques, adopting GAP methods, using high-quality and pure seed varieties, and selecting high-yielding crops.

It is also noted that crops produced under GAP systems have advantages over those grown using other methods, including higher quality, better market prices, and the ability to be exported not only to domestic markets but also to international markets. As a result, farmers practicing GAP are expected to gain greater economic benefits, leading to improvements in their social and economic conditions. 206

# With systematic detonation of 12-storey building used in online scams/gambling in Shwe Kokko area, total number of demolished illegal residential building rises to 73

Before demolition.





Illegal twelve-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.

After demolition.





Illegal twelve-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.

Being prepared for explosive demolition.





Illegal twelve-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.

**Nay Pyi Taw July 14**

Permanent demolition of illegal buildings used as bases for online scams/gambling in Shwe Kokko and KK Park in Myawaddy township, Kayin State, and systematic destruction of paraphernalia were being carried out by interdepartmental teams and another illegal 12-storey building in Shwe Kokko area was systematically detonated today.

Out of 77 buildings used in online scams/gambling in Shwe Kokko, 57 and 20 were respectively classified as buildings to be demolished by machinery and those to be detonated based on their types and systematic demolition of them was systematically carried out. Out of 20 buildings to be detonated, a 12-storey building was detonated today.

The interdepartmental teams have so far demolished 73 buildings used in online scams/gambling and the remaining four buildings will be systematically demolished.

100

# Explainer: Is the U.S.-Iran memorandum of understanding still alive?

**Washington July 14**

Fresh U.S. airstrikes and Iranian retaliation have plunged Washington and Tehran back into open conflict less than a month after they signed a 14-point memorandum of understanding (MoU) aimed at ending the war and paving the way for broader negotiations.

Both sides now accuse the other of violating the agreement first. While neither has formally declared the MoU void, the latest escalation has cast doubt over whether diplomacy can survive another round of fighting.

The clearest signal yet came from U.S. President Donald Trump, who formally notified Congress in a letter dated Friday that military operations against Iran had resumed under his direction.

In a letter to lawmakers, Trump described the strikes on Iran that began on July 7 as "military action consistent with my responsibility to protect Americans and United States' interests both at home and abroad." This notification starts a new 60-day period during which the Trump administration can conduct military operations in the region without congressional approval.

On Monday, Trump said on Truth Social that the United States was "reinstating the Iranian blockade, so named because it is only stopping Iran's ships or customers from entering or leaving," and proposed charging a 20 percent fee on cargo transiting the Strait of Hormuz.

However, Tehran insists it is not the side that abandoned the agreement.

Iranian Foreign Ministry spokesman Esmaeil Baghaei said on Monday that the MoU had entered a "crisis phase" because Washington had continuously violated its obligations. He said Iran would follow a principle of "commitment for commitment" and warned that if the United States continues breaching the deal, Iran would no longer see any reason to fulfill its own obligations. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက တိုက်ပွဲဝင်ချေမှုန်းရေး UGRAM ရိုင်ဖယ်သေနတ်ကို အောင်မြင်စွာတီထွင်ခဲ့



အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ တီထွင်ထားသော တိုက်ပွဲဝင်ချေမှုန်းရေး UGRAM ရိုင်ဖယ်သေနတ်ကို တပ်ဖွဲ့ဝင်များအသုံးပြုနိုင်ရန်အတွက် အောင်မြင်စွာတီထွင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ UGRAM ရိုင်ဖယ်သေနတ်သည် အိန္ဒိယနိုင်ငံစစ်ဦးစီးဌာန၏ အရည်အသွေးသတ်မှတ်ချက် စမ်းသပ်မှုများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ဘုတ်အဖွဲ့အကဲဖြတ်မှုများနှင့် ပြင်းထန်သောရာသီဥတုအခြေအနေအောက်တွင် စမ်းသပ်မှုအဆင့်ဆင့်ပြုလုပ်ကာ အောင်မြင်စွာတီထွင်ခဲ့ပြီး တပ်တော်ဝင်ရန် လမ်းစပွင့်လာခဲ့သည်။

UGRAM ရိုင်ဖယ်သေနတ်သည် NATO စံနှုန်းဖြစ်သော 7.62 x 51mm ကျည်ဆန်များကိုအသုံးပြုထားပြီး ခေတ်ငွေ့ဖြင့်လည်ပတ်သည့် သော့စနစ်ဖြင့် တည်ဆောက်ထားသောကြောင့် ပစ်ခတ်နိုင်စွမ်း ပိုမိုကောင်းမွန်စေသည်။ အလေးချိန် လေးကီလိုဂရမ် အောက်သာရှိသည့် ဤရိုင်ဖယ်သေနတ်၏ ထိရောက်သောပစ်ခတ်နိုင်မှုအကွာအဝေးမှာ မီတာ ၅၀၀ ဖြစ်သည်။ ၎င်းတွင် ကျည်ဆန်အတောင့် ၂၀ ဆံ့ ကျည်အိမ်ကိုအသုံးပြုထားပြီး တစ်မိနစ်လျှင် အနည်းဆုံး ကျည်ဆန် ၆၀၀ ကျော်နှုန်းဖြင့် ပစ်ခတ်နိုင်စွမ်းရှိသည်။ ထို့ပြင် လုံ့စွပ်၊ သိုင်းကြိုးနှင့် ရှေ့လက်ကိုင်ကဲ့သို့သော အရန်ပစ္စည်းများကိုလည်း တပ်ဆင်အသုံးပြုနိုင်ပြီး ချိန်ကိုက်ထားသော စက်မှုချိန်သီးသည် မီတာ ၁၀၀ မှ မီတာ ၅၀၀ အတွင်းရှိ ပစ်မှတ်များကို တိကျစွာ ပစ်ခတ်နိုင်ရန် ပြုလုပ်ပေးထားသည်။ ၎င်းတွင် ဘေးကင်းလုံခြုံရေးစနစ်၊ တစ်ချက်ချင်းပစ်စနစ်နှင့် အလိုအလျောက်ပစ်ခတ်စနစ်ဟူ၍ ပစ်ခတ်မှုစနစ်သုံးမျိုး ပါဝင်သည်။

အိန္ဒိယနိုင်ငံ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Dvipa Defence ကုမ္ပဏီသည် ဤ UGRAM ရိုင်ဖယ်သေနတ်ကို ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO)၏ လက်နက်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(ARDE) နှင့် ပူးပေါင်း၍ တီထွင်ခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီ၏ထုတ်ပြန်ချက်အရ ဤပူးပေါင်းဆောင်ရွက်မှုသည် စိတ်ကူးပုံစံမှ လက်တွေ့အသုံးပြုနိုင်သော လက်နက်အဖြစ်သို့ရောက်ရှိရန် ရက်ပေါင်း ၁၀၀ သာကြာမြင့်ခဲ့ပြီး ၎င်းသည် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း လက်နက်ထုတ်လုပ်မှုသမိုင်းတွင် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှု အချိန်ကာလတစ်ခုဖြစ်သည်။

လက်ရှိတွင် UGRAM ရိုင်ဖယ်သေနတ်သည် အိန္ဒိယဗဟိုရဲတပ်ဖွဲ့၊အိန္ဒိယ-တိဗက်နယ်ခြားစောင့်တပ်၊ Sashastra Seema Bal နှင့် အမျိုးသားလုံခြုံရေးအစောင့်တပ်တို့ထံသို့ လွှဲပြောင်းပေးအပ်ရန်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်ုပ်တို့ရဲ့ ခရီးစဉ်က ၂၀၂၃ ခုနှစ်မှာ ထုတ်လုပ်မှုလိုင်စင်ရရှိချိန်ကတည်းက စတင်ခဲ့တာပါ။ ဒီနေ့မှာတော့ ပြည်တွင်းထုတ် လက်နက်စနစ်နဲ့ ဗားရှင်းပေါင်း ၁၀၀ ကျော်ကို တီထွင်နိုင်ခဲ့ပြီး UGRAM ရိုင်ဖယ်သေနတ်ဟာ ကျွန်ုပ်တို့ရဲ့ အဓိက လက်နက်ပလက်ဖောင်း ဖြစ်လာပါပြီ။ ကျွန်ုပ်တို့အနေနဲ့ အိန္ဒိယလုံခြုံရေးတပ်ဖွဲ့တွေအတွက် ကမ္ဘာ့အဆင့်မီကာကွယ်ရေးထုတ်ကုန်တွေကို အိန္ဒိယမှာပဲ ဆက်လက်ထုတ်လုပ်သွားဖို့ ကတိကဝတ်ပြုပါတယ်" ဟု Dvipa Defence ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ Sibu Joseph က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ UGRAMရိုင်ဖယ်သေနတ်ကို တီထွင်ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းလက်နက်ထုတ်လုပ်မှုတွင် အရေးပါသော အောင်မြင်မှုတစ်ခုဖြစ်ပြီး ၎င်း၏ ပေါ့ပါးသောကိုယ်ထည်နှင့် 7.62 mm ကျည်ဆန်အမျိုးအစားသည် စစ်မြေပြင်တွင် တိုက်ခိုက်မှုစွမ်းအားနှင့် ရွေ့လျားနိုင်စွမ်းကိုဟန်ချက်ညီစေသည်။ စက်ကိရိယာအနည်းငယ်ဖြင့် စစ်ဆင်ရေးအမျိုးမျိုးတွင် အသုံးပြုနိုင်သည့် အဆိုပါရိုင်ဖယ်သည် အထူးတပ်ဖွဲ့များအတွက် အဓိကကျသော လက်နက်တစ်ခုဖြစ်လာနိုင်ပြီး နည်းပညာအရ ပြည်တွင်း၌ပင် အချိန်တိုအတွင်း တီထွင်နိုင်ခြင်းက အိန္ဒိယ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း အခြေခံအုတ်မြစ်တောင့်တင်းလာမှုကို ပြသနေကြောင်း သိရသည်။

**India's News Battle Rifle Went From Concept to Prototype in Just 100 Days ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်အခြေစိုက် Nuburu ကုမ္ပဏီက လေဆာလက်နက်စနစ်ကို ဒရုန်းတိုက်ဖျက်ရေးအတွက်သုံးရန် စမ်းသပ်မှုများစတင်နေ

အမေရိကန်အခြေစိုက် Nuburu ကုမ္ပဏီသည် ၎င်းတို့၏ လေဆာလက်နက်စနစ်ကို ဒရုန်းတိုက်ဖျက်ရေးလုပ်ငန်းများအတွက်သုံးရန် စမ်းသပ်မှုများ စတင်နေကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုများသည် လေဆာလက်နက်စနစ်သည် ဒရုန်းများ၏ အီလက်ထရွန်နစ်-အလင်းပြန် စနစ်များကို အနှောင့်အယှက်ပေးနိုင်ခြင်းနှင့်ဒရုန်းများ၏ အချက်အလက်ရယူနိုင်စွမ်းကို လျှော့ချပေးနိုင်ခြင်း ရှိ၊ မရှိကို အကဲဖြတ်ဆန်းစစ်ခဲ့ကြသည်။ စမ်းသပ်မှုတွင် ဒရုန်းဖြင့် လူတစ်ဦးရှာဖွေခိုင်းရာ၌ လေဆာကြောင့် အဆိုပါလူသည် ဒရုန်း၏ ထောက်လှမ်းခြင်းမခံရဘဲ ဒရုန်းနှင့် မီတာ ၂၀ အကွာအဝေးအတွင်း လွတ်လပ်စွာရွေ့လျားနိုင်ခဲ့သည်။ နောက်ထပ်စမ်းသပ်မှုတစ်ခုတွင် ဒရုန်းနှစ်စင်းကိုအသုံးပြု၍ စံနှုန်းသတ်မှတ်ထားသည့် ဘေးကင်းရေးကန့်သတ်ချက်များအတွင်းမှနေ၍ စဉ်ဆက်မပြတ်လှိုင်းနှင့် အချက်ပြလှိုင်းလေဆာစနစ်နှစ်မျိုးစလုံးကို စမ်းသပ်ခဲ့သည်။ ထို့ပြင် အများဆုံးစွမ်းဆောင်ရည်ကို တိုင်းတာရန်အတွက် လေဆာစွမ်းအားကို စည်းမျဉ်းသတ်မှတ်ချက်ထက် ငါးဆထိ တိုးမြှင့်စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

၎င်းလေဆာလက်နက်စနစ်သည် မီတာ ၁၀၀ အကွာအဝေးထိ စမ်းသပ်မှုပုံစံအားလုံးတွင် ဒရုန်း၏ အာရုံခံစနစ်ကို တစ်သမတ်တည်း အနှောင့်အယှက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"နည်းပညာအရဆိုရင် ဒီစမ်းသပ်မှုဟာ ထိန်းချုပ်ထားတဲ့အခြေအနေအောက်မှာ မတူညီတဲ့ဒရုန်းပုံစံအမျိုးမျိုးရဲ့ အာရုံခံစနစ်တွေကို အောင်မြင်စွာဖျက်ဆီးနိုင်ခဲ့တာကို အတည်ပြုပေးလိုက်တာပါ။ နောက်တစ်ဆင့်အနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာ စည်းကမ်းချက်တွေဖြစ်တဲ့ ဒီဇိုင်းပုံစံပိုမိုကောင်းမွန်အောင်လုပ်တာ၊ ဘေးကင်းလုံခြုံရေးသုံးသပ်တာ၊ အကွာအဝေးပုံစံထုတ်တာ၊ ပလက်ဖောင်းတွေနဲ့ချိတ်ဆက်တာ၊ နေ့၊ ည စစ်ဆင်ရေးတွေမှာ ထပ်ခါတလဲလဲအသုံးပြုနိုင်ဖို့ အဆင့်ဆင့် ပြင်ဆင်သွားမှာဖြစ်ပါတယ်" ဟု Nuburu ကုမ္ပဏီ၏ CEO Dario Bari-soni က ပြောကြားခဲ့သည်။

စမ်းသပ်မှုများမှရရှိသော အချက်အလက်များကို အစိမ်းရောင်၊ အပြာရောင်နှင့် အနီအောက်ရောင်ခြည်လေဆာများကို ပေါင်းစပ်ထားသော စနစ်အပါအဝင် အနာဂတ် လေဆာဒီဇိုင်းများအတွက် အသုံးပြုသွားမည်ဖြစ်သည်။ ဤနည်းပညာကို Tekne ကုမ္ပဏီထုတ် နည်းဗျူဟာမြောက် စစ်သုံးယာဉ်များ၊ သံချပ်ကာယာဉ်များ၊ ကွန်တိန်နာအခြေပြုထိန်းချုပ်ရေးစနစ်များနှင့် စနစ်တစ်ခုလုံးကို အထောက်အပံ့ပေးနိုင်သည့် ပစ္စည်းများနှင့် Nuburu Defense Italian Plan အောက်ရှိ အနာဂတ်စနစ်များတွင်လည်း ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ပြီး ကုန်း၊ ရေ၊ လေကြောင်းနှင့် တည်နေရာအသီးသီးတွင် နေ့ရောညပါ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။



စမ်းသပ်မှုများအပြီးတွင် ကုမ္ပဏီနှစ်ခုသည် လေဆာလက်နက်စနစ်၏ ဒီဇိုင်းကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန်နှင့် အနာဂတ်တွင် အတည်ပြုစမ်းသပ်မှုများအတွက် ကြိုတင်ပြင်ဆင်ရန် ပူးတွဲအင်ဂျင်နီယာအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**US Firm Nuburu Trials Laser That Disables Drone Vision ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၂၁၄၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါဝါစိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါဧက ၂၁၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဝါစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်ရရှိရေး၊ ဝါဖြစ်ထွန်းအောင်မြင်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဇူလိုင် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ပြီး ယနေ့ထိ ပီလောပီနံဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံဥများပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

"ပီလောပီနံဥတွေ ရန်ကုန်စျေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ အခုလက်ရှိမှာလဲ ပီလောပီနံဥတွေကို ရန်ကုန်စျေးကွက်က မှာယူမှုတွေရှိပါတယ်"ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။



ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေး လုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံဥအပါအဝင် အခြားရာသီပေါ် သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသမှ ထွက်ရှိသည့် ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ပီလောပီနံစိုက်တောင်သူများ၊ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အောင်လံမြို့နယ် ဘို့လည်မြစ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

အောင်လံ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘို့လည်မြစ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဘို့လည်မြစ်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိမရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဘို့လည်မြစ်နားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး စုစုပေါင်းအသင်းသားအသင်းသူ ၁၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။

အထွေး


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကြို့ပင်ကောက်မြို့နယ် သပြေရုံကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



ကြို့ပင်ကောက် ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေရုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ၊ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ သပြေရုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က အဆိုပါ မြေနီကျောက်စရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သပြေရုံကျေးရွာ၌ လမ်း အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ် လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၇၂ သိန်း၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

သန်းလွင်(မကွေး)


ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရဆရာ ဒေါက်တာမောရစ်လျန်နာနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီတို့သည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေးအဋ္ဌမမြောက်နေ့သို့ တက်ရောက် လေ့လာသည့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်း ပေါင်းစုံငြိမ်းချမ်းရေးအထောက်အကူပြုဗဟို ကော်မတီမှ ဗဟိုကော်မတီဝင် သိက္ခာတော်ရ ဆရာဒေါက်တာမောရစ်လျန်နာနှင့် တွဲဖက် အတွင်းရေးမှူး(၁) သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးတို့ ဦးဆောင်သည့်အဖွဲ့ကို လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်တွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သိက္ခာတော်ရဆရာ ဦးစောချစ်မျိုးက သာသနာရေးဆိုင်ရာကိစ္စ ရပ်များ၊ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန် ဂိုဏ်းပေါင်းစုံမှ ကူညီဆောင်ရွက်နေမှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေး ဆုတောင်းပွဲများဆောင်ရွက်နေမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံခရစ်ယာန် ဂိုဏ်းပေါင်းစုံငြိမ်းချမ်းရေးအထောက်အကူ ပြုဗဟိုကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်း မှုရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်းနှင့် နိုင်ငံတော်က ငြိမ်းချမ်းရေး အတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေ များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံခရစ် ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက် အကူပြု ဗဟိုကော်မတီဝင်များက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌတို့ကို အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထဲရေးဝန်ကြီးဌာနနှင့် အဂတိလိုက် စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပ ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း၊ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ဝင်များ တက် ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားပြီး အဂတိလိုက်စားမှုတိုက် ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိ သူများက ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိ လိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်းဆွေးနွေးကြပြီး တက်ရောက် လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် သည်ပြည်ထဲရေးဝန်ကြီးဌာန အဂတိလိုက်စား မှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် အချက်များ၊အားသာချက်၊အားနည်းချက်များ ကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)



# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုး မြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ် ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ (၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုး မြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ် ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး နှင့် ကော်မတီဝင်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ပွင့်လင်း ရာသီကာလအတွင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးနိုင် ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားနည်းချက်၊အားသာချက်များ ကို သုံးသပ်ဖော်ထုတ်ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ကို ဆွေးနွေးကြသည်။

၂၀၂၆ ခုနှစ် ဇူလိုင်မှစတင်၍ အားအသင့် အတင့်ရှိသော အယ်လ်နီညိုအခြေအနေဖြစ် ပေါ်ခဲ့ပြီး ၂၀၂၆ ခုနှစ်ကုန်ပိုင်း၌ အားအလွန် ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက် အရ အပူချိန်မြင့်တက်ခြင်း၊ တောမီးလောင် ကျွမ်းမှုများ အလွယ်တကူဖြစ်ပေါ်နိုင်ခြင်း အခြေအနေများ ဖြစ်ပေါ်လာနိုင်သဖြင့် ၂၀၂၇ ပွင့်လင်းရာသီအတွက် မီးခိုးမြူငွေ့လျှော့နည်း ကျဆင်းရေး ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားကြမည့်လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဝိုင်းဝန်းဆွေးနွေး ခဲ့ကြပြီး Fire Hotspot လျော့ကျမှုအနေဖြင့် အခြေခံနှစ်ဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ပထမခြောက်လအတွင်း Fire Hotspot ၅၀၅၁၂ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ပထမခြောက်လပတ်တွင် Fire Hotspot ၄၄၉၃၁ ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၅၈၀ ကြိမ် ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်းလျှော့ချ နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့လျှပ်စစ်ဓာတ်အားပိုမိုတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်နေ သကဲ့သို့ မသမာသောနည်းဖြင့် လျှပ်စစ် ဓာတ်အားခိုးယူသုံးစွဲမှုများ ပပျောက်သွားစေ ရေးအတွက်လည်း အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

မသမာသောနည်းလမ်းဖြင့် လျှပ်စစ် ဓာတ်အားခိုးယူသုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း ၍ စစ်ဆေးဖော်ထုတ်ခဲ့ရာ ရက် ၁၀၀ စီမံချက် ကာလအတွင်း စုစုပေါင်းတရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုအရေအတွက် ၃၄၀ မှ ယူနစ် စုစုပေါင်း ၇ ဒသမ ၇ သန်းကျော် အလွဲသုံးစား ပြုလုပ်ခဲ့မှုများကိုစိစစ်တွေ့ရှိခဲ့ပြီး နိုင်ငံတော် က နစ်နာဆုံးရှုံးခဲ့မှုအတွက် လျော်ကြေးနှင့် ဒဏ်ကြေးငွေကျပ် ၆၇၄၅ သန်းကျော်ပြန်လည် ကောက်ခံရရှိခဲ့သည်။

ယင်းဖြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် မီတာပိုင်ရှင်များနှင့်လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေဖြင့် ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိပြီး ပါဝင်ပတ်သက်သည့် တာဝန်ရှိဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှစောင့်ကြည့်စစ်ဆေး ၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင် သို့သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေးတိုင်ကြားလာမှုများ အပေါ် ထိရောက်စွာစစ်ဆေးအရေးယူဆောင် ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားလေလွင့် ပျောက်ဆုံးမှုများ ပပျောက်သွားစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများဖော်ထုတ်လာနိုင် သည်နှင့်အမျှ ပြည်သူများသို့လျှပ်စစ်ဓာတ် အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူ များအနေဖြင့် ပိုမို၍ပူးပေါင်းဆောင်ရွက် ပေးကြရန် အသိပေးထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ B-Annex သင်တန်းခန်းမ၌ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပြည်သူ့ငွေစာရင်းကော်မတီနှင့်စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်အမှာစကားပြောကြားသည်။



ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးကဏ္ဍကို ဆောင်ရွက်သည့်နေရာတွင် ပြည်သူ့ငွေစာရင်းကော်မတီသည် အရေးပါသည့် အမြဲတမ်းကော်မတီတစ်ခုဖြစ်ပါကြောင်း၊ ယခုသင်တန်းမှတစ်ဆင့် လွှတ်တော်အခန်းကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ကြရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်းပေါ်က ရွေးကောက်ပွဲမှတစ်ဆင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုစည်းရာနေရာတစ်ခုဖြစ်ပြီး လွှတ်တော်ကော်မတီများက အခြေခံကျသော ဒေါက်တိုင်များဖြစ်ပါကြောင်း။

လွှတ်တော်ကော်မတီများအနက် အရေးပါသည့် အမြဲတမ်းကော်မတီများတွင် ပါဝင်သော ပြည်သူ့ငွေစာရင်းကော်မတီသည် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်နှင့် ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်တည်ဆောက်ရာတွင် အထောက်အကူပြုသည့် ကော်မတီဖြစ်သည်နှင့်အညီ ယခုသင်တန်းသည် အရေးကြီးဆုံးသင်တန်းတစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့်နိုင်ငံများတွင် လွှတ်တော်သည် ဥပဒေပြုရေးကို တာဝန်ယူရသည်သာမက ပြည်သူ့ဘဏ္ဍာကို စောင့်ရှောက်ထိန်းသိမ်းရန်လည်းတာဝန်ရှိပါကြောင်း၊ ပြည်သူများ၏ အခွန်၊ ဝင်ငွေ၊ ချေးငွေနှင့်စုဆောင်းငွေစသည်တို့ကို လေလွင့်မှုမရှိစေရန်၊ ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကို ကူညီစစ်ဆေးစီမံပေးရပါကြောင်း၊ ထို့ပြင် ပြည်သူ့ဘဏ္ဍာငွေများနှင့်ပတ်သက်ပြီး စစ်ဆေးရန်မှာ လွှတ်တော်၏ အခြေခံတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏အောင်မြင်မှုကို အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုပိုမိုကောင်းမွန်လာခြင်းနှင့် ဘဏ္ဍာငွေလေလွင့်မှုနည်းပါးလာခြင်းများဖြင့် တိုင်းတာရမည်ဖြစ်ပြီး ပြည်သူများအတွက် ပိုမိုအကျိုးခံစားခွင့် ရရှိလာမည်လည်းဖြစ်ပါကြောင်း။

နိုင်ငံတကာလွှတ်တော်များတွင် ဖွဲ့စည်းထားရှိသော ပြည်သူ့ငွေစာရင်းကော်မတီသည် ပွင့်လင်းမြင်သာမှု(Transparency)၊ တာဝန်ခံမှု(Accountability)နှင့် ကောင်းမွန်သောအုပ်ချုပ်ရေး(Good Governance)တို့ကို မြှင့်တင်ပေးသည့်နေရာတွင် အရေးပါသော ယန္တရားအဖြစ် သတ်မှတ်ခံထားရပါကြောင်း၊ ယနေ့ခေတ်တွင် ငွေအသုံးဝင်မှုတန်ဖိုး (Value of Money)ဟူသည့် အယူအဆသည် တစ်နေ့ထက်တစ်နေ့ အလွန်အရေးကြီးလာပါကြောင်း၊ ငွေများသည်သုံးစွဲရန် သက်သက်သာမဟုတ်ဘဲ အသုံးစရိတ်များသည် ပြည်သူများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိကို ဆက်လက်သုံးသပ်ရမှာဖြစ်ပြီး ၎င်းသည် Performance Audit ၏ အခြေခံသဘောတရားပင်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များ အနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များထဲတွင်ပါရှိသည့်အတိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏အစီရင်ခံစာများကိုလေ့လာခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲမှု၊ စီမံကိန်းများအကဲဖြတ်မှု၊ ဘေးအန္တရာယ်စီမံမှုနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ထားရန်လိုအပ်ပါကြောင်း၊ ကော်မတီ၏အကြံပြုချက်များသည် ကောင်းမွန်သောလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်ဆောင်ရွက်သင့်ပါကြောင်း၊ ယခုသင်တန်းသည် ငွေစာရင်းဆိုင်ရာ အသိပညာတိုးပွားရေးသာမက ကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လွှတ်တော်၏စောင့်ကြည့်ထိန်းကျောင်းရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများ ခိုင်မာအားကောင်းစေရေးစသည်တို့အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့တက်ရောက်လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပို့ချဆွေးနွေးချက်များအပေါ်အာရုံစိုက်ပြီး အပြန်အလှန်မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့လွှတ်တော်၏ ဂုဏ်သိက္ခာမြှင့်တင်ခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ခိုင်မာတောင့်တင်းသည့် လွှတ်တော်အဖြစ် ဖန်တီးနိုင်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်အထောက်အကူပြုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် (ကော့ကရိတ်မဲဆန္ဒနယ်)က ဆွေးနွေးပို့ချသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းကော်မတီ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချမှုများအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော် ဆောင်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ ဖတ်ရှုနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်(ငြိမ်း) ဦးအုန်းသန်းက ပေးအပ်လှူဒါန်းသည့် အမျိုးသားညီလာခံမှတ်တမ်းများ၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှ အချက်အလက်များကို အခြေခံ၍ စုဆောင်းတင်ပြထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အနှစ်သာရများ အမည်ရှိ စာအုပ် ၅၀ ကိုလက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်ထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင်ချာဝီရကွန်ကို ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်ပေါင်းရာချီကြာမြင့်သည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံထားသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များလျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေး မြှင့်တင်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။



နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော် မိဖုရားကြီး Her Majestry Queen Sirikit နှင့် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး Princess Bajrakitiyabha တို့ ကံတော်ကုန်လွန်ခဲ့ခြင်းအတွက် ဗန်ကောက်မြို့ရှိ ဘုရင့်နန်းတော်တွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၆-၂၀၂၇) အစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆-၂၀၂၇)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့်မွေးမြူရေး စီမံကိန်းများ၊ ပြည်ပသို့တင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံနှင့် ဝါသီးနှံစိုက်ပျိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးထားမှုကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန် ဆောင်ရွက်မှုနှင့် သွင်းအားစု အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက (၃/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထပ်မံထုတ်ချေးပေးရန်နှင့် ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် တင်ပြမှုများအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိဂုံးချုပ်အမှာ စကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်က ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိနှင့် ထိရောက်စွာသုံးစွဲနိုင်ရေး စနစ်တကျ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အခြေခံကျန်းမာရေး တက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ဒေါက်တာထွန်းတင်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမိုးခိုင်အား ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်းအား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာတို့၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးများအသိပညာအတတ်ပညာဖွံ့ဖြိုးစေရေး လေ့ကျင့်သင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းနှင့် ဂေဟာအတွင်းရှိ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှု၊ အသက်အရွယ် အပိုင်းအခြားအလိုက် စာသင်ခန်းများ၌ သင်ကြားလေ့ကျင့်နေမှု၊ မသန်စွမ်းကလေးငယ်များကို ပြုစုစောင့်ရှောက်ပေးနေမှု၊ ဂေဟာအတွင်းရှိ ကလေးများ လေ့ကျင့်ဆောင်ရွက်နေသော မေတ္တာစံအိမ် Coffee Shop၊ သင်တန်းကျောင်း အိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးကာ အသက်အရွယ်နှင့် မသန်စွမ်းမှု အမျိုးအစားအလိုက် သင့်လျော်သည့်သင်ကြားရေးအစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရပြည့်ဝရေးဆောင်ရွက်ရန်၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုနှင့် လုံခြုံဘေးကင်းသော သင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးရန်နှင့် မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် မသန်စွမ်းကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

မသန်စွမ်းသက်ငယ်သင်တန်းကျောင်းကို ကလေးငယ်များ အမှီအခိုကင်းစွာ လူမှုဘဝအတွင်း ရပ်တည်နိုင်စေရေးအတွက် ၁၉၇၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် အသက်အရွယ် အပိုင်းအခြားအလိုက် မသန်စွမ်းကလေးငယ် ဦးရေ ၂၅၀ ကို ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးလျက် ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စင်တာတာဝန်ခံက ကျောင်းတွင်းလုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်အကိုင်များ နေရာချထားပေးမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ စင်တာ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ချီးမြှင့်ငွေများပေးအပ်ရာ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စင်တာအတွင်းရှိ ရက်ကန်းအလုပ်ရုံနှင့် စက်ချုပ်ခန်းတို့၌ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု၊ အရောင်းဆိုင်တွင် လက်မှုချည်ထည် အသုံးအဆောင်ပစ္စည်းများ ရောင်းချပေးနေမှုနှင့် စင်တာအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း သင်ကြားပေးလျက်ရှိသည့် မိန်းမဝတ် အခြေခံ၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အိမ်တွင်းစီမံခန့်ခွဲမှုသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ ပလတ်စတစ်ခြင်းထိုးသင်တန်း၊ မုန့်မျိုးစုံပြုလုပ်သည့်သင်တန်းတို့၌ သင်ကြားလေ့ကျင့်နေမှုအခြေအနေနှင့် စံပြရင်သွေးအိမ်မူကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို သင်တန်းများခေတ်နှင့်အညီ လက်တွေ့ကျွမ်းကျင်မှုအလေးထားသင်ကြားပေးရန်၊ အလုပ်အကိုင်ရရှိရေးနှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးအတတ်ပညာများကို ထိရောက်စွာသင်ကြားပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ဦးရေ ၅၅၀ တက်ရောက်သဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆)ကို လိုအပ်သောကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) ထုတ်ပြန်ကြေညာသည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) အရေးပေါ်အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ)တွင် “နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သောကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆) ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က AI နည်းပညာသည် လူသားသမိုင်းတစ်လျှောက်တွင် အထူးခြားဆုံး နည်းပညာတစ်ခုအဖြစ် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပုံစံများကို အသစ်ပုံဖော်နေသည့် နည်းပညာတစ်ရပ်ဖြစ်ပါကြောင်း၊ အလားတူ လူသားများ၏ နေ့စဉ်နေထိုင်စားသောက်မှုကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ အပေါ်တွင်ပါ ကြီးကြီးမားမား ပြောင်းလဲသက်ရောက်စေနိုင်သည့် နည်းပညာဖြစ်ပါကြောင်း။

ယခု ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)သည် AI နည်းပညာကို ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားသည်ကိုတွေ့ရသကဲ့သို့ AI နည်းပညာကို စနစ်တကျမှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးနှင့် နည်းပညာသည် လူသားတို့၏ ကောင်းကျိုးကိုသာ ဆောင်ကြဉ်းစေရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ အဓိကအားဖြင့် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသည့် လူအများ၏ စိုးရိမ်ပူပန်မှုများလျှော့ချရန်၊ AI ကို လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်သည့် နည်းပညာတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရန်၊ လူမှုပတ်ဝန်းကျင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေရှိသည့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ လူသားဗဟိုပြုချဉ်းကပ်မှုကို လိုက်နာစောင့်ထိန်းရန်နှင့် အဖွဲ့ဝင်အားလုံးအတွက် AI နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အသုံးပြုမှုနှင့် လက်တွေ့အသုံးချမှုတို့ကို မြှင့်တင်ရန်၊ AI နည်းပညာ အရှိန်အဟုန်မြှင့်ဖြစ်ပေါ်တိုးတက်မှုများကိုရှုမြင်လျက် AI နည်းပညာဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်နှင့် AI ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမျှတပြီး ခွဲခြားမှုမရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပူးတွဲတည်ထောင်သွားရန်၊ မတူကွဲပြားသည့် AI နည်းပညာကို ပေါင်းကူးနိုင်ရန်၊ AI နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန်၊ ခေတ်မီ AI များမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို စုပေါင်းကိုင်တွယ် ဖြေရှင်းရန်တို့ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်များ ဆောင်ရွက်နိုင်ရေးအတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရန်၊ AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊ အုပ်ချုပ်မှုစည်းမျဉ်းများ၊ နည်းပညာစံနှုန်းများနှင့်ပတ်သက်၍ ထိန်းညှိမှုများနှင့် ညှိနှိုင်းမှုများကို တိုးမြှင့်သွားရန်၊ ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့စေရန်၊ မူဝါဒဆိုင်ရာ ဘုံသဘောတူညီချက်များ တည်ထောင်ရန်၊ အချင်းချင်းပေါင်းစည်းလုပ်ဆောင်မှု မြှင့်တင်ရန်နှင့် အကောင်းဆုံး လုပ်ငန်းအလေ့အထများကို မျှဝေရန်၊ AI သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ Open-Source စနစ်များ ဖွံ့ဖြိုးရေးတို့တွင် ပူးတွဲကြိုးပမ်းမှုများကို အားပေးအားမြှောက်ပြုရန်၊ ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှုမြှင့်တင်ရန်၊ ကုလသမဂ္ဂမူဘောင်အတွင်းရှိ လုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်၊ အခြားသော နိုင်ငံတကာအဖွဲ့များနှင့် ဆက်ဆံရေးကို ထိန်းသိမ်းရန်၊ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို စူးစမ်းလေ့လာရန်၊ အဖွဲ့၏လုပ်ငန်းတာဝန်များကို အရပ်ဘက်သုံး AI နည်းပညာကဏ္ဍအတွက်သာ ကန့်သတ်ထားရန်တို့ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများတွင် အဓိကဖော်ပြထားသည်မှာ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းများကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် ပြည်သူများ၏ မတူကွဲပြားမှုများကို အလေးထားမည်ဟု ဖော်ပြထားပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ နှစ်စဉ်ထည့်ဝင်ထောက်ပံ့ငွေကြေးကိုကောင်စီကသတ်မှတ်မည်ဖြစ်ပြီး ထိုသို့သတ်မှတ်ရာတွင် သဘောတူညီထားသည့် ငွေကြေးသတ်မှတ်ချက်နှင့် Universal Postal Union တွင် ထည့်ဝင်သည့် ငွေကြေးအချိုးအစားသတ်မှတ်ချက်တို့ကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ငွေကြေးထည့်ဝင်နိုင်မှုအခြေအနေတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် အခန်း ၁၈ ခန်းပါဝင်ပါကြောင်း၊ ကမ္ဘာ့ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization)၏ တည်ထောင်ရေးဆိုင်ရာ သဘောတူညီချက်ပါ အချက်အလက်များကို ခြုံငုံကြည့်ပါက လက်မှတ်ရေးထိုးမှုကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း လက်မှတ်ရေးထိုးကြသည့် နိုင်ငံများသည် ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံများ (Founding Members of the Organization)အဖြစ် သတ်မှတ်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် AI စွမ်းရည် တည်ဆောက်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာများ တိုးတက်ရေးတို့ကို လုပ်ဆောင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးရေးအပေါ် များစွာအထောက်အကူဖြစ်စေမည့် အဖွဲ့အစည်းဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ဦးစားပေးစံနှုန်းများအဖြစ်ထားရှိပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို နိုင်ငံတကာနှင့် တန်းတူညီမျှ မျှဝေခံစားနိုင်ခြင်း၊ နည်းပညာဈေးကွက်နှင့် Digital Economy ဖော်ဆောင်မှုတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် တန်းတူပူးပေါင်းပါဝင်ခြင်းအားဖြင့် အခွင့်အလမ်းများရယူနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယခုအချိန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးက လွှတ်တော်အရပ်ရပ်တွင် AI နည်းပညာ၏ အရှိန်အဟုန်နှင့် တိုးတက်လာမှု၊ စိန်ခေါ်မှုများကို အလေးနက်ထားထည့်သွင်းဆွေးနွေးနေကြပြီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ထို ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၂၆ ခုနှစ်)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)တို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာနှစ်နှင့်အညီဖြစ်စေရေးအတွက် ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါနေ့ရက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်လာသည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်နေ့ရက်များကို လက်ရှိကျင့်သုံးလျက်ရှိသည့် ဘဏ္ဍာနှစ်နှင့်အညီ ပြင်ဆင်ရန်လိုအပ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)တို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်



# လူငယ်တွေရဲ့ ခေတ်

လူငယ်တွေရဲ့ခေတ်ကို ရောက်လာပါပြီ၊ ဒီလို မိမိတို့ခေတ်ရောက်လာတဲ့အခါ မိမိတို့ဟာ ရှေးက နိုင်ငံရေးသမားတွေမှားသလို မမှားကြတော့ဘဲ နည်းသစ်၊ အလုပ်သစ်၊ စိတ်သစ်၊ နိုင်ငံရေးသစ်ကို လုပ်ဖို့ အထူးသတိပြုစေလိုပါတယ်။ တစ်ဦးနှင့် တစ်ဦးလည်း အယုံအကြည် အရမ်းမကင်းကြနှင့်၊ တစ်ဦးနဲ့တစ်ဦးလည်း ဝေဖန်လွန်းအားမကြီးပါနှင့်၊ ရှေ့ကိုလည်း သိပ်လောမကြီးပါနှင့်၊ သိပ်လောကြီးရင် စစ်ကျွံသလိုဖြစ်မယ်ဆိုတာကို သတိပြုပါ။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် (ဖဆပလ) ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးသို့ ရှင်းလင်းတင်သွင်းခဲ့သည့် ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံးအဆင့်ဆင့်တို့တွင် ရာဇဝတ်အမှုစုစုပေါင်း စာရင်းဖွင့်လက်ကျန် ၂၀၆၂၃ မှု၊ လက်ခံရရှိမှု ၁၄၀၂၉၃ မှုဖြစ်ပြီး ၁၄၁၆၀၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၉၃၁၅ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်း စာရင်းဖွင့် လက်ကျန် ၂၄၇၄၉ မှု၊ လက်ခံရရှိမှု ၁၇၇၀၂ မှုဖြစ်ပြီး ၁၈၂၃၁ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲအမှု ၂၄၂၂၀ ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၅၇၉၉၅ မှုလက်ခံရရှိပြီး ၁၅၉၈၃၂ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၁ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အမှုများကြန့်ကြာမှုမရှိစေဘဲ ပြီးပြတ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇူလိုင် ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



ရန်ကုန် ဇူလိုင် ၁၄

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့မွန်းလွဲပိုင်းက အင်းလျားမြိုင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် တက်ရောက် လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကာတာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများကို သံရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်၍ ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကာတာနိုင်ငံ လက်ရှိဘုရင်၏ ဖခမည်းတော်နှင့် ဘုရင်ဟောင်းဖြစ်သူ His Highness Sheikh Hamad bin Khalifa Al Thani သည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ကာတာနိုင်ငံ၏ ဘုရင်အဖြစ် ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၇၄ နှစ်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးမြို့ဝင်၊မြို့ထွက် မြို့ပတ်လမ်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကုန်စည်စီးဆင်းမှုများချောမွေ့စေရေးနှင့် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေး တိုင်းဒေသကြီး၏ကြီးကြပ်မှုဖြင့် တိုက်ရိုက်သွားလာနိုင်သည့် မန္တလေးမြို့ဝင်၊မြို့ထွက် အဓိကလမ်းမကြီးများနှင့် မြို့ပတ်လမ်းများတိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့ဝင်၊မြို့ထွက် မြို့ပတ်လမ်းများကို ကွင်းဆင်းစစ်ဆေးရာ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး-မတ္တရာကားလမ်း ရွှေကျင်လမ်းဆုံ၊ ထို့နောက် မန္တလေးမြို့ပတ်ရောဝတီကမ်းနားလမ်း တစ်လျှောက်၊ အမရပူရမြို့နယ် အိုးထုတ္တန်းလမ်းတစ်လျှောက်၊ ရန်-မန်းလမ်း ၃၅၈ မိုင် ၃ ဖာလုံရှိ ဆေးအိုးဘိုအဝိုင်းပတ်ထိ လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့ရှောင်လမ်းအဖြစ် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၁၄-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၄၈၆,၈၁၀.၃၄ | ၁,၅၈၉,၆၈၇.၂၀ | ၈၉,၅၂၅,၆၉၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ ကြက်ပေါက်နှင့်အစာ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁၂၈၇ ဒသမ ၀၀ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၆၆ ကေဗွီ မြန်အောင်-ဟင်္သာတ အမှတ်(၁) ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် မြန်အောင်မြို့နယ် ကညင်ဆည်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းပြီးစီးပါက ထွက်ရှိမည့်ဓာတ်အားကို အင်္ဂပူမြို့နယ် ၆၆ ကေဗွီ ထူးကြီးဓာတ်အားခွဲရုံသို့ ပို့လွှတ်သွားမည်ဖြစ်သဖြင့် ၎င်းခွဲရုံနှင့်ချိတ်ဆက်မည့် ၆၆ ကေဗွီ မြန်အောင်-ဟင်္သာတ အမှတ်(၁) ဓာတ်အားလိုင်းကို ဇူလိုင် ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ နှစ်နာရီကြာ ဓာတ်အားပိတ်၍ ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူမြို့၊ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ■ နေရာကွက်၍ မိုးကြီးနိုင်မှ

နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးသည်း ထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ❐ ငါးဖမ်းရာသီမှအဆက်

ကြည့်မြင်တိုင် ငါးချဆိပ်ကမ်းမှ ရေခန်ထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

ငါးဖမ်းစက်လှေများ အနေဖြင့် ပင်လယ်ပြင်သို့ ဇွန် ၁၅ ရက်တွင် စတင်ထွက်ခွာကြပြီး ရန်ကုန်မြို့ရှိ ငါးချဆိပ်ကမ်းများသို့ ရေထွက်ကုန်များ ဇူလိုင် ၁ ရက်တွင် စတင်ဝင်ရောက်မှုရှိကြောင်း အဆိုပါဆိပ်ကမ်းမှ သိရသည်။

"ဧပြီလကနေ ဇွန်လထိ သုံးလပိတ်ထားပေမယ့် ရေလုပ်သားတွေရဲ့ အခက်အခဲကြောင့် ဇွန် ၁၅ ရက်မှာ ငါးဖမ်းရာသီပြန်ဖွင့်ပါတယ်။ မှန်တိုင်းရှိနေတော့ ရန်ကုန်တိုင်းဒေသကြီးက ငါးဖမ်းစက်လှေ ၁၀၀၀ လောက်မှာ ၃၀၀ လောက်ပဲ ထွက်နိုင်ပါသေးတယ်"ဟု ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

ဆိပ်ကမ်းသို့ ရွှေငါး၊ ငါးခေါင်းပွ၊ ငါးပုလွေ၊ မီးလုံး၊ ပလာတူး၊ ငါးနှပ်၊ ငါးတံခွန်၊ ကုလားငူ၊ ငါးရောင်၊ လက်ဝါး၊ ခားမတိုး၊ ပွဂ္ဂျန်၊ ဆီပလွေနှင့် အခြားငါးအသေးများ အများဆုံးဝင်ရောက်ပြီး ငါးရွှေ ဂုံး၊ သင်ဝါ၊ ငါးကွန်ရှပ်၊ ငါးမုန့်အဖြူ စသည့် ပြည်ပပို့ကုန်ရေထွက်ကုန်အနည်းငယ်သာ ဝင်ရောက်မှုရှိကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၈၅၄၉၂၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ တိုင်ကြားစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈/ ၂၀၂၆)ထုတ်ပြန်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ လူ့အခွင့်အရေးဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိုင်တန်းချက်များ၊ စွပ်စွဲချက်များကို စိစစ်သုံးသပ်ကာ လိုအပ်သလို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ပါသည်။ ထို့ပြင် တိုင်တန်းချက်၊ စွပ်စွဲချက်များအရဖြစ်စေ သတင်းအချက်အလက်များအရဖြစ်စေ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်းသိရှိရပါက အဆိုပါနေရာသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။ ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ အရလည်းကောင်း၊ ကော်မရှင်လုပ်ထုံးလုပ်နည်းအပိုဒ် ၄၁၊ ၄၂၊ ၄၃ အရလည်းကောင်း အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းအပါအဝင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နှစ်စဉ်လုပ်ငန်းစီမံချက် လျာထားရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသည့် တိုင်ကြားစာ ၂၉၅ မှ (မီဒီယာသတင်းအပါအဝင်)အပေါ် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ အရ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး ၂၁ ကြိမ်ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ရာ တိုင်ကြားစာ ၆၄ မှုကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခြင်း၊ တိုင်ကြားစာ ၃၃ မှုကို တိုင်ကြားသူထံ အကြံပြုပြန်ကြားခြင်းတို့ဆောင်ရွက်ပေးခဲ့ပြီး တိုင်ကြားစာ ၁၉၆ မှုကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ အရ ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့် မညီညွတ်ခြင်းကြောင့်လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်ခြင်းကြောင့်လည်းကောင်း စနစ်တကျမှတ်တမ်းထားရှိကာ ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း နှစ်မှုတို့ပါဝင်ပါသည်။

၃။ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်၏အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တိုင်ကြားစာ ၆၄ စောင်ပေးပို့ခဲ့ရာ ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအနေဖြင့် အပြုသဘောဆောင်သည့် ပြန်ကြားချက် ၃၈ စောင်ကို လက်ခံရရှိခဲ့ရာ ရလဒ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်ကြားသူများထံသို့ ကော်မရှင်မှအကြောင်းပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ ရုံးခွဲများဖြစ်သော နေပြည်တော်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ စစ်တွေ(ရုံးခွဲ)နှင့် ပုသိမ်(ရုံးခွဲ)တို့မှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ၊ မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ဗဟိုအကျဉ်းထောင် နှစ်ခု၊ အချုပ်ထောင် တစ်ခု၊ အကျဉ်းစခန်း လေးခု၊ ရဲစခန်းအချုပ်ခန်း ခုနစ်ခု၊ တရားရုံး အချုပ်ခန်း နှစ်ခု၊ လူငယ်သင်တန်းကျောင်း သုံးခုနှင့် ဘိုးဘွားရိပ်သာ သုံးခုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် ၇၇ ချက်၊ ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် ၄၄ ချက်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အကြံပြုချက် ခုနစ်ချက်ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို စစ်ဆေးစဉ်အတွင်း တစ်ဦးချင်း လွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း ၉၈ ဦးတို့ကို သီးခြားတွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဦးဌာန မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ် (၂၇) ခြောက်မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ** တိုင်ကြားစာများပေးပို့နိုင်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လစဉ်ကြေညာခြင်း၊ ကော်မရှင် website တွင်လည်း ဖော်ပြခြင်းများ ပြုလုပ်လျက်ရှိပါသည်။

၆။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၇။ တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ တိုင်တန်းစာများပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၄ ရက်**

# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

**နေပြည်တော် ဇူလိုင် ၁၄**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျှော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့ပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှစစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**-လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)** - ၀၆၇-၃၄၁၀၀၇၂

**-ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(YESC)** - ၁၇၁၇

**-မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(MESC)** - ၁၆၁၆

၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊

၀၂-၄၀၇၂၆၁၈ (Hot Line)

**-ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ**

၀၆၇-၃၄၁၀၄၀၇၊ ၀၉၆၈၂၂၃၂၆၀၀၊

၀၉၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် ဇူလိုင် ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❍ **အနီးစခန်းလေယာဉ်ကွင်းမှ**

ဒါပေမဲ့ အခုအချိန်မှာ တာချီလိတ်-ပြင်ဦးလွင် တိုက်ရိုက်လေကြောင်းခရီးစဉ် ရှိလာပြီဖြစ်တာကြောင့် လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ အခက်အခဲမရှိ ရောက်ရှိလာကြပြီဖြစ်ပါတယ်။ ပြင်ဦးလွင်လို သာယာလှပတဲ့မြို့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့မြို့ကို ရောက်ရှိလာခဲ့ရတဲ့အတွက်ကြောင့်လဲ ဝမ်းသာပျော်ရွှင်ရပါတယ်။ နောက် အခါအခွင့်သင့်တိုင်းလဲ လာရောက်ကြအုံးမှာပါ”ဟု တာချီလိတ်မြို့မှလာရောက်သူတစ်ဦးက ပြောပြသည်။

“အနီးစခန်းလေယာဉ်ကွင်း ဖွင့်အပြီး ဒီရက်ပိုင်းတွေမှာ ဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားစည်ကားသလို ဆိုင်ရဲ့ရောင်းအားတွေလဲတက်ခဲ့ရတယ်။ ဧည့်သည်တွေထဲမှာ ပုံမှန်လာရောက်ဝယ်နေကျ မန္တလေး၊ ကျောက်ဆည်က စသဖြင့် အနီးအနားပတ်ဝန်းကျင် မြို့တွေက လာရောက်ဝယ်နေသူ ဖောက်သည်တွေသာမဟုတ်တော့ဘဲ လေကြောင်းခရီးက နေလာကြတဲ့ အဝေးကဧည့်သည်တွေ အများအပြားပါဝင်လာတာကို တွေ့နေရတယ်။ ဒီဧည့်သည်တွေက အဝေးမြို့တွေကနေ ပြင်ဦးလွင်ကို လာရောက်နိုင်ကြပြီဖြစ်သလို ကျွန်တော်တို့ရဲ့မြို့ကလဲ ပိုမိုစည်ကား၊ ကျွန်တော်တို့တစ်တွေကလဲ ဈေးရောင်းကောင်းသွားကြရတာကြောင့် အနီးစခန်းလေယာဉ်ကွင်းကြီးကို ကျေးဇူးတင်ရမလိုဖြစ်နေပါပြီ။ ဒီလေယာဉ်ကွင်းကြီးအနေနဲ့ နောက်ထပ်ခရီးစဉ်အသစ်တွေ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ပါစေလို့ ဆုတောင်းပါတယ်”ဟု ပြင်ဦးလွင်မြို့၌ ဒေသထွက်ကုန်ပစ္စည်းရောင်းချနေသူ ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

ပြင်ဦးလွင်အနီးစခန်း လေယာဉ်ကွင်းကို ဒုတိယကမ္ဘာစစ်ကာလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်တင် လေယာဉ်များပျံသန်းပြေးဆွဲပေးနိုင်ခြင်း မရှိခဲ့ဘဲ ယခုအချိန်ရောက်မှသာ ခရီးသည်တင်လေယာဉ်များ ပြေးဆွဲနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (၁၆၅)




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ထပ် အဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။

**● ရွှေကုက္ကိုလ်မှအဆက်**

တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ လေးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**☆ ကျောဖုံးမှအဆက်**

တပ်ဆင်ထားသော ဦးမျိုးအောင် (ရေခဲစက်လုပ်ငန်း)အမည်ပေါက် စီတီမီတာမှာ Error ပေါ်နေပြီး Seal များသည်လည်း မူလအနေအထားပျက်ယွင်းနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် HHU စက်၊ Clamp Meter တို့ဖြင့် တိုင်းတာစစ်ဆေးဆောင်ရွက်ခဲ့ပြီး တိုင်းတာစစ်ဆေးချက်များအရ C Phase မှာ Ampere ခြားနားနေကြောင်း တွေ့ရှိရသဖြင့် အဆိုပါစီတီမီတာကို ဖြုတ်သိမ်း၍ ဓာတ်အားဖြတ်တောက်ခဲ့ပြီး ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ စမ်းသပ်စစ်ဆေးမှုများပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်စမ်းသပ်ရေးနှင့် စစ်ဆေးရေးဌာန(ရန်ကုန်မြို့)သို့ မီးသုံးသူနှင့် ဌာနဝန်ထမ်းတို့ နှစ်ဦးနှစ်ဖက် သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ရာ အဆိုပါ ဦးမျိုးအောင်(ရေခဲစက်လုပ်ငန်း) စီတီမီတာအမှတ် MCC– 001191 (350101 6342) စာရင်းအမှတ် P4/03/05သည် Meter Cover Seal နှင့်Terminal Sealများ ပြုပြင်ထားပြီး မီတာအတွင်း C Phase CT အား By Pass ပြုလုပ်ထား၍ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ယင်းမသမာမှုဖြစ်စဉ်ကြောင့် လျှပ်စစ်ဓာတ်အား ယူနစ် ၃၆၂၇၄၀ နစ်နာဆုံးရှုံးခဲ့ရသဖြင့် နစ်နာဆုံးရှုံးမှုအတွက် ဓာတ်အားခလျော်ကြေး၊နစ်နာကြေး ငွေကျပ် ၁၈၁၃၇၀၀၀၀ ကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ ပေးဆောင်စေရန်နှင့် မီတာအားချက်ချင်းဖြုတ်သိမ်း၍ ဓာတ်အားဖြတ်တောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့်လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့်တရားစွဲဆို ဆောင်ရွက်လျက်ရှိပါသည်။

၄။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေမှုများကို Control Center မှ စောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့သွားရောက်ပြီး တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ပြည်သူများ၏ တိကျစွာသတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာစစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားယူနစ်ပျောက်ဆုံးမှု (Losses) လျော့နည်းကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား မသမာသုံးစွဲမှုများနှင့်ပတ်သက်၍ တိကျစွာသတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**


**❖ စိတ်ကြွဆေးပြားမှ**

ရမည်းသင်းမြို့ သီလဝ(၃)ရပ်ကွက်ရှိ ချစ်မိုးဆန်း ၃၆ နှစ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၅၁ ဘီလီယံ)နှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုသည့် SHAYAN အမျိုးအစား ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရမည်းသင်းမြို့ သီလဝ(၃)ရပ်ကွက်နေ မောင်သိန်း ခေါ် ချစ်တီး ၄၅ နှစ်ကို ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်၌ လည်းကောင်း၊ ဇင်မျိုးအောင် ခေါ် ဖိုးလ ၂၇ နှစ်ကို ရမည်းသင်းမြို့နယ် သဲချောင်းကျေးရွာရှိ နေအိမ်၌ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် NIS–SAN TERRANO အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်ရှိ ဟိုတယ်အနီးတွင် ရမည်းသင်းမြို့နယ် သဲချောင်းရွာနေ ဇင်ထက်အောင် ၃၅ နှစ်နှင့် စိုင်းထက်သွေး ၂၁ နှစ်တို့ နှစ်ဦးကို ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၃၅ သိန်း)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချစ်မိုးဆန်း၊ မောင်သိန်း ခေါ် ချစ်တီး၊ ဇင်မျိုးအောင် ခေါ် ဖိုးလတို့ကိုလည်းကောင်း၊ ဇင်ထက်အောင်နှင့် စိုင်းထက်သွေးတို့ကိုလည်းကောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေ၊ ယဉ်ကျေးမှု၊ သုတ–ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
ငွေတာရီ မဂ္ဂဇင်း



♦ (၆၅)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
♦ ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာကဏ္ဍများ ဖော်ဆောင်လျက်ရှိသည့်မဂ္ဂဇင်း
♦ သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
♦ မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
♦ အစဉ်အလာမပျက် မြန်မာ့ပန်းချီမျက်နှာဖုံးအဖြစ် နာမည်ကျော်ပန်းချီဆရာကြီးများ၏လက်ရာများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်း အထူးထုတ် ထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email – ngwetaryeemagazine@gmail.com
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)
၁၈၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

သုတ–ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
မြဝတီ ရသစုံမဂ္ဂဇင်း



♥ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
♥ မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
♥ သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
♥ မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
♥ ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
♥ ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ–ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**မလိုအပ်သောမီးများကို**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေးအကြမ်းဖက်များ”**ခေါင်းစဉ်ဖြင့် ၁၅-၇-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၂၂-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၈၉၀၉၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က မီးမလာပါ

မစန္ဒာ



"ကျွန်မအလုပ်လုပ်တာ ဟိုးရှေ့က ကွန်ဒုံးကြီးမှာလေ"

လူထူပြီဆိုလျှင် ဒေါ်ကုလားမက မျက်နှာကို မသိမသာလေးမော့ကာ ဂုဏ်တယူယူနှင့် ပြောတတ်လေသည်။

"ကွန်ဒုံးမှာဆိုတော့ မီးပျက်မှာကို ပိုပြီးကြောက်ရတယ်။ လစ်ထဲရောက်နေတုန်း မီးပျက်လို့ကတော့ ပိတ်မိနေရော။ မီးစက်နှိုးတယ်ဆိုပေမဲ့ ချက်ချင်းမရ။ လစ်ထဲမှာဆိုတော့ ဖုန်းကလဲမမိ"

ဒေါ်ကုလားမ၏ ဘာသာဗေဒအရ ကွန်ဒုံးဟူသည်မှာ ကွန်ဒိုဖြစ်ပြီး လစ်ဟူသည်ကတော့ ဓာတ်လှေကားဖြစ်လေသည်။ သူ့တွင် လက်ကိုင်ဖုန်းတစ်လုံးရှိကြောင်း သိရအောင်တော့ "လစ်ထဲမှာဆိုတော့ ဖုန်းကလဲမမိ" ဟူသောစကားကိုတော့ မပျက်မကွက်ထည့်ပြောရသည်။ သူ ထိုသို့ပြောလေတိုင်း ရှက်အမ်းအမ်းနှင့် မအီမသာဖြစ်သွားတတ်သူကတော့ သူ၏ယောကျ်ား ကိုကုလားကြီးဖြစ်သည်။ ကိုကုလားကြီးက သံရုံးတွင် မော်တော်ကားမောင်းသူဖြစ်သဖြင့် အင်္ဂလိပ်စကားကို တော်တော်လေးတီးမိခေါက်မိသည်။

"ကွန်ဒိုလို့ မှန်မှန်ကန်ကန်ပြောစမ်းပါဟာ။ နင့်ဟာက လူကြားလို့ မကောင်းလိုက်တာ"

ဒေါ်ကုလားမ "ဒုံး"လေတိုင်း ကိုကုလားကြီးက ဝင်ပြီး "ဒို"တတ်သည်။ သို့ပါသော်လည်း ဒေါ်ကုလားမက မဒိုရေးချ မဒိုထဲကမို့ ဒုံးပြီးရင်းဒုံးပြီး၊ ဒုံးမြဲတိုင်း ဒုံးနေတတ်လေသည်။ သူက ထိုကွန်ဒုံး၊ အဲ... ထိုကွန်ဒိုကြီးတွင် နေထိုင်သော သူဌေးမိသားစုအတွက် မနက်လာ၊ ညနေပြန်စနစ်ဖြင့် အချက်အပြုတ်တာဝန်ကို ထမ်းဆောင်နေသူဖြစ်လေသည်။

လွယ်လွယ်ပြောလျှင် "ထမင်းချက်"ဟု ပြော၍ရသော်လည်း ပေ့ါသေးသေးတော့ မထင်လိုက်စေလိုပါ။ သွေးတိုးရှိသော သူဌေး၊ ဆီးချိုရှိသော သူဌေးကတော်၊ အသားမာမာမစားနိုင်သော သူဌေးယောက္ခမ၊ အကင်ကြိုက်သော သူဌေးသား၊ အဆီရှောင်သော သူဌေးသမီး၊ ပင်လယ်စာမှ စားချင်သော သူဌေးယောက်ဖ စသောသူအားလုံးအတွက် အဆင်ပြေအောင် ချက်ပြုတ်စီစဉ်ပေးရသူဖြစ်သည်။

ချက်ပြုတ်ပေးရသည်ဟုဆိုသဖြင့် အိုးဆေး၊ ပန်းကန်ဆေး၊ ကြက်သွန်နွှာ၊ ငရုတ်သီးထောင်းလုပ်နေရသည်ဟု ထင်မည်ဆိုလျှင် ဒေါ်ကုလားမစိတ်ဆိုးရပါလိမ့်မည်။ ထိုအလုပ်များအတွက် လက်ညှိုးထိုးခိုင်းစရာ ကောင်မကလေးတစ်ယောက် အဆင်သင့်ရှိနေပါသည်။ သူက ဝယ်ခြမ်းလာသော အသားငါးများကို တုံးတစ်၊ နယ်ဖတ်ပြီး လိုသလို ချက်ရုံသာဖြစ်လေသည်။

"ဘော အိမ်မှာက ဂတ်နဲ့ ချက်ရတာ"

ဘောဟူသည်မှာ ဘော့စ်ကို ပြောခြင်းဖြစ်သည်။ ကိုကုလားကြီးက သူ၏အရာရှိများကို ဘော့စ်ဟု ပြောလေ့ရှိသဖြင့် သူကလည်း သူ၏သူဌေးကို ဘောဟုခေါ်ခြင်းဖြစ်သည်။ ဂတ်ဟူသည်ကတော့ ဓာတ်ငွေ့၊ ဂက်စ်ကို ရည်ညွှန်းခြင်းဖြစ်လေသည်။

သူဌေးကို ဘောဟု အမည်တပ်လိုက်ခြင်းအားဖြင့် သူဌေးကတော်သည် ဘောကတော်ဖြစ်သွားလေသည်။ ထိုနည်းတူစွာ ဘောယောက္ခမ၊ ဘောသား၊ ဘောသမီး၊ ဘောယောက်ဖများ တစ်သီကြီးထွက်လာသည်။ ထိုကုလားကြီးကတော့ "နင်အလုပ်လုပ်တာ ကွန်ဒုံးမှာနေတဲ့ ဘောမိသားစုဆီမှာပေ့ါနော်" ဟု စိတ်ပျက်လက်ပျက် ပြောရှာလေသည်။

"ဟုတ်တယ်၊ ဘောမိသားစုက အားလုံး ကောင်းကြတယ်"

အထူးသဖြင့် ဘောကတော်က ပို၍ကောင်းသည်ဟု ဒေါ်ကုလားမထင်သည်။ သူချက်သော ဟင်းများကို တွင်တွင်ချီးကျူးတတ်သည်။ ဈေးဖိုးကို နှစ်ထောင်မျိုး၊ သုံးထောင်မျိုး တင်တောင်းလျှင်လည်း မသိသလိုပင် နေလိုက်တတ်သည်။ တစ်ယောက်တစ်မျိုး စားချင်တတ်သော သူ၏အိမ်သားများအတွက်သာမက စီးပွားရေးနှင့် လူမှုရေးအတွက် မကြာခဏဖိတ်ကျွေးရသော ဧည့်သည်စောင်သည်များအတွက်ပါ ဒေါ်ကုလားမက မရှိမဖြစ်လိုအပ်လှသူဖြစ်သည်။ ထို့ကြောင့်လည်း လခကောင်းကောင်း ပေးထားကာ မသိမသာအလိုလိုက်ထားခြင်းဖြစ်လေသည်။

မည်သည့်အသား၊ မည်သည့်ငါးကို၊ မည်သည့်အဆာပလာနှင့်နယ်၍ မည်မျှကြာအောင် နှပ်ထားရမည်ကို ဒေါ်ကုလားမ ကောင်းစွာကျွမ်းကျင်သည်။ မီးဖိုပေါ်သို့ ဟင်းအိုးရောက်ပြီးလျှင်လည်း မည်သည့်အချိန်တွင် မီးအားမြှင့်၊ မည်သည့်အချိန်တွင် မီးအားလျှော့၊ မည်သည့်အသားကို ရေပူထည့်၊ မည်သည့်အသားကို ရေအေးထည့်၊ မည်သည့်အချိန်တွင် အဖုံးကို လုံလုံအုပ်၊ မည်သည့်အချိန် အဖုံးလှပ်၊ မည်သည့်အချိန်တွင် နာနာမွှေ စသောစသော ချက်ခြင်းပြုတ်ခြင်း နည်းပညာများက မနည်းလှချေ။ ဘောကတော်ကတော့ ဒေါ်ကုလားမချက်ပြုတ်နေသည်ကို တစေ့တစောင်းကြည့်ရင်း "ဒေါ်ကုလားမတို့က ရေပေး၊ မီးပေး သိပ်တော်တာ"ဟု ပြောလေ့ရှိသည်။

တစ်ဈေးတည်း၊ တစ်ဆိုင်တည်းက ဝယ်လာသော အသားချင်း၊ ငါးချင်း မည်မျှပင်တူနေပါစေ ဟင်းဖြစ်သွားလျှင် ဒေါ်ကုလားမ၏ဟင်းက အရသာပို၍ ကောင်းနေတတ်သည်ကတော့ အမှန်ပင်။ ယုတ်စွအဆုံး မြင်းခွာရွက်သုပ်၊ ခရမ်းချဉ်သီးသုပ်ဟု ဆိုလျှင်ပင် သူသုပ်သောအသုပ်က ပိုပြီးစားကောင်းနေတတ်သည်။ ဆန်ပြုတ်ချင်းတူလျှင်ပင် ဒေါ်ကုလားမ၏ ဆန်ပြုတ်က အရောင်၊ အဆင်း၊ အနံ့၊ အရသာထူးကဲမည်ကတော့ အသေအချာပင်ဖြစ်သည်။

"ငါ စုမိဆောင်းမိပြီး အရင်းအနှီးများများရရင်တော့ ထမင်းဆိုင်ကြီးဖွင့်ချင်တယ်"

ဓနုဖြူဒေါ်စောရီလို ထမင်းဆိုင်ခွဲပေါင်းများစွာကို ဦးစီးပြီး ဖွင့်လှစ်လိုခြင်းသည် ဒေါ်ကုလားမ၏ စိတ်ကူးအိပ်မက်ဖြစ်သည်။

"အဲဒီကျရင် ကျွန်မကိုလဲ အကူခေါ်နော်။ ဆိုင်နာမည်ကိုလဲ သူများထက်ဆန်းအောင် ကုလားမကြီးရဲ့စေတနာဆိုပြီး ပေးကြရအောင်လေ"

သူ၏လက်ထောက် ပိန်ခြောက်ခြောက် ကောင်မကလေးက အားရပါးရထောက်ခံသည်။ ဆိုင်နာမည်ကိုပင် ရွေးလိုက်သေးသည်။ "ကုလားမကြီးရဲ့ စေတနာ"တဲ့။

"နင့်နာမည်က ဆန်းတာတော့ ဆန်းပါရဲ့၊ ဒါပေမဲ့ ငါက ကုလားမအစစ်မဟုတ်တာက ခက်နေတယ်"

ကုလားသွေးတစ်စက်တလေပင် မပါဘဲနှင့် သူ့ကို အမေတို့၊ အဖေတို့က ဘာလို့များ ကုလားမဟု ခေါ်ခဲ့ကြသနည်း။ သူ မစဉ်းစားတတ်ချေ။ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူးလေးနှင့် မျက်နှာကျလှသောကြောင့် ကုလားမနဲ့ တူတယ်ဟဲ့"ဟု ခေါ်ခဲ့ကြခြင်းဖြစ်သည် ဟူ၍တော့ အမေက ပြောဖူးလေသည်။ သူ့ထက်ဆိုးသည်က သူ၏ယောကျ်ား ကိုကုလားကြီးဖြစ်သည်။ သူတို့ ညီအစ်ကို လေးယောက်ရှိရာ သူတစ်ဦးတည်း အသားမည်းနေသောကြောင့် ကုလားလေးဟု ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုကုလားလေးကြီးလာတော့ လူကောင်ထွားထွားမို့ ကုလားကြီးဟူ၍ ဖြစ်လာရသည်။ မောင်အေးမင်းဝင်း ဟူသောနာမည်လှလှသည် သန်းခေါင်စာရင်းထဲတွင်သာရှိတော့သည်ထိပင်။ ထို့ကြောင့် မြန်မာစစ်စစ်ဖြစ်သော သူတို့ဇနီးမောင်နှံနှစ်ဦးသည် ကိုကုလားကြီးနှင့် မကုလားမဟူ၍ ကုလားမောင်နှံဖြစ်လာကြရသည်။

"သူ့အဖေကမည်းပေမဲ့ မီးမီးလေးကျတော့ ဖြူတယ်ဟဲ့"

"ဒေါ်ကြီးနဲ့တူလား"

"အင်း... တူတယ်"

"အခုပုံကြီးနဲ့ ဘယ်ဟုတ်မှာလဲဟာ။ ငါငယ်ငယ်တုန်းကပုံနဲ့ တူတာပေ့ါ။ ငါက ပညာမတတ်ပေမဲ့ ငါ့သမီးလေးက စာပေးစာယူဘွဲ့ရတော့မယ်။ ငါ့လိုပဲ အချက်အပြုတ်ဝါသနာပါတယ်။ သင်တန်းတွေတက်ပြီး ဆုလဲရဖူးတယ်။ ငါ့ထက်အများကြီးသာတယ်"

"သူကကော ထမင်းဆိုင်ဖွင့်မှာတဲ့လား"

"မီးမီးလေးကို ဗေဒင်ဟောဖူးတာကတော့ ကြီးလာရင် ကောင်းစားမယ်တဲ့။ မင်းကတော် စိုးကတော်ဖြစ်မယ်တဲ့"

သမီးကလေးသည် ဒေါ်ကုလားမ၏ဒုတိယအိပ်မက်ဖြစ်သည်။ သမီးလေး အထက်တန်းကျကျနှင့်ကောင်းစားလျှင် သူလည်း အထက်တန်းစားယောက္ခမဖြစ်ရမည်မို့ တွေးကြည့်လျှင် ကြည်နူးစရာပင်။

"အဟိ မင်းကတော် စိုးကတော်ဆိုရင် ကျွန်မလဲ ဖြစ်ချင်လိုက်တာ"

ကောင်မကလေးက ရှူးပေါပေါနှင့်ပြောရင်း နွှာပြီးသား ကြက်သွန်နီများကို တရှပ်ရှပ်နှင့် ခပ်သွက်သွက်လှီးသည်။

"ဒါပေမဲ့ အဲဒါက လှလှပပ၊ တောင့်တောင့်တင်းတင်းလေးမှ ဖြစ်နိုင်မှာပေ့ါနော်။ ကျွန်မက မလှဘူး ဒေါ်ကြီးရဲ့"

ကောင်မကလေးက အားငယ်စွာ ပြောရှာသည်။

"အင်း... နင်အားငယ်မယ်ဆိုရင်လဲ ငယ်စရာပါပဲ"

ဒေါ်ကုလားမက စိတ်ထဲက ပြောမိသည်။ ကောင်မကလေးက ပိန်ပိန်ကျစ်ကျစ် မည်းမည်းလေးဖြစ်သည်။ ကိုယ်လုံးမလှ၍ မျက်နှာပေါက်ကလေး အားကိုးရမလားဟု ဆိုတော့လည်း မျက်ပေါက်ကျဉ်းပြီး ပါးစပ်ကတော့ အတော်လေးပြဲရှာလေသည်။

ဘောကတော်က ဖြူဖြူစင်စင်၊ လှလှပပ၊ စိုစိုပြည်ပြည် မိန်းကလေးများကို ခေါ်လာလေ့မရှိသည်ကို ဒေါ်ကုလားမ သတိထားမိနေသည်မှာ အတန်ငယ်ပင် ကြာနေပေပြီ။ သူခေါ်လာလိုက်လျှင် ပုပုကွကွ၊ ပိန်ပိန်ခြောက်ခြောက်၊ မည်းမည်းပြာပြာ၊ နှာခေါင်းလန်လန်၊ သွားခေါခေါကလေးများသာ ဖြစ်နေတတ်သည်။

ဆက်လက်ဖော်ပြပါမည်။

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် နေကြာ ၇၉၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နေကြာ ၇၉၄၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၉၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ထားပြီး ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟင်္သာတမြို့နယ် လယ်ဦးစုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဟင်္သာတ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်တန်းလေး ကျေးရွာအုပ်စု လယ်ဦးစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကျေးရွာ တာဝန်ရှိသူများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ လယ်ဦးစုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရုံးပင်ကန် ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ မင်းကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

## ပညာ၏အလှတရား

- ပညာမတတ် စာမတတ်က
လစ်လပ်အလင်း အမှောင်တွင်းဝယ်
ရှောင်ကွင်းမလွယ် အခက်ကြွယ်၍
ပျက်ဖွယ်ဘဝ ဆုံးမလှဘဲ
သုဉ်းရကုသိုလ် ပါယ်လေးထိုနှင့်
နဂိုရ်ပြည်ဝေး လူဖြစ်ရေးခက်
ဝဋ်ကြွေးယှက်ထုံး ဘယ်မဆုံး။

- ပညာအလင်း အမှောင်ခွင်း၍
ရည်ချင်းပြည့်ဝ နှလုံးလှကာ
ဘဝတက်လမ်း အရောက်လှမ်းရာ
ငြိမ်းတံတားပြု စွမ်းအားထုမို့
ဂရုတစိုက် ကြိုးစားလိုက်လျှင်
ထိုက်မည့်ပန်းတိုင် အလှပိုင်လျက်
ယှဉ်ပြိုင်ရဲရင့် ပွဲလယ်တင့်။

- အမှောင်ကိုခွင်း အရောင်လင်း၍
ရှောင်ကွင်းသိမြင် လမ်းအစဉ်ကို
ကျွမ်းဝင်မှုချ သံသယဝေးဖို့
ကြံဆတွေးလျက် မှားမခက်ဘူး
အားတက်မြူးကာ မြတ်ပညာ၏
မဟာကျေးဇူး ဂုဏ်အင်ထူးကြောင့်
ပွင့်ဖူးပန်းနှယ် အလှကြွယ်လိမ့်။

- ပညာသည်သာ မြတ်ဥစ္စာတည့်
ပညာသည်သာ မိတ်သဟာတည့်
ပညာသည်သာ ဂုဏ်ထည်ဝါတည့်
ပညာအလှ ဖိုးနဂ္ဂကို
ဆင်ကြမြန်းကြ သုံးစွဲမှသာ
ဘဝပန်းတိုင် လျှောက်လှမ်းနိုင်၍
ရင်ဆိုင်ရဲရင့် မြတ်ဂုဏ်တင့်လိမ့်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စစ်နှင့်ငြိမ်းချမ်းရေး

**ဗညားကျန်းထော**

**"စစ်ပွဲဆိုတာ နှစ်ဖက်တပ်တွေ စတင်မတိုက်ခင်ကတည်းက တပ်ထောက်တွေက (သူတို့အလုပ်ကို ဘယ်လောက်နိုင်နိုင်နင်းနင်း ထိထိရောက်ရောက် လုပ်ခဲ့ကြသလဲဆိုတဲ့အရာကို နှိုင်းယှဉ်ချက်အရ) အနိုင်အရှုံးဆုံးဖြတ်ချက်က(ကြိုပြီး) အဖြေထွက်ခဲ့ပြီးသားပါ။"**

**ဂျာမန်ဗိုလ်ချုပ်ကြီးအာဝင်ရွှန်းမဲလ်(၁၈၉၁-၁၉၄၄)**

"သစ်ပင်ဆိုရင် အမြစ်နဲ့မကင်းနိုင်။

လူဆိုတာလည်း အချစ်နဲ့မကင်းနိုင်။

နိုင်ငံဆိုတာလည်း စစ်နဲ့မကင်းဘူးတဲ့။ ကြားဖူးခဲ့တာပဲ။ ဘယ်သူဘယ်ဝါပြောခဲ့တာလဲတော့မသိပါ။ ကြားဖူးနားဝကို စိတ်ထဲပေါ်လာလို့ ဖော်ပြတာပါ။ ဟုတ်သလား၊ မဟုတ်ဘူးလား မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ရေနံမြေအလုပ်သမားလှုပ်ရှားမှု၊ သာယာဝတီဆရာစံလယ်သမားအုံကြွလှုပ်ရှားမှုကနေ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ လက်နက်ကိုင်တိုက်ပွဲပေါင်းများစွာ ၂၀ ရာစုတစ်ခုလုံးတိုက်ခိုက်ခဲ့ကြတဲ့ မြန်မာပြည်စစ်မီး၊ စစ်တလင်းပြင်ဟာ ၂၁ ရာစုထဲ အနှစ် ၂၀ ကျော်ကြာတဲ့တိုင်အောင် ယမ်းခိုးနံ့၊ မီးခိုးနံ့၊ သွေးညှီနံ့ မပျောက်သေးဘဲ စစ်တိုက်နေကြဆဲပါကလား။ နိုင်ငံရေး၊ စစ်ရေးအမြော်အမြင်အရာမှာ မြန်မာတွေ မြင့်ကြသလား၊ နိမ့်ကြသလား၊ သမိုင်းသာကြည့်။

ဗြိတိသျှနယ်ချဲ့ကျူးကျော်သူရဲ့ စစ်အင်အားနဲ့ စစ်ပွဲသုံးကြိမ်တိုင်တိုင် ဆင်နွှဲသိမ်းပိုက်ခြင်းခံခဲ့ရပေမယ့် (၁၈၂၄-၁၈၅၂-၁၈၈၅) သူ့ကျွန်ဘဝ ၆၂ နှစ်ကြာတော့ လွတ်လပ်ရေးပြန်ရအောင်ကြိုးပမ်းနိုင်ခဲ့တဲ့ မြန်မာလူမျိုးရဲ့ အမျိုးသားရေးအားမာန်၊ အညံ့မခံဇာတိမာန်မျိုးချစ်စိတ်ဟာ ချီးကျူးလေးစားလောက်စရာပါ။ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံကြီးအချို့အပါအဝင် ကိုလိုနီနယ်ချဲ့ အရင်းရှင်ဥရောပနိုင်ငံစက်မှုထွန်းကားတဲ့ နိုင်ငံတွေရဲ့ အနိုင်ကျင့်ကျူးကျော်သိမ်းပိုက်ခံခဲ့ကြရတဲ့ နိုင်ငံများအနက် ၆၂ နှစ်ကြာ အကြိမ်ကြိမ်ကြိုးပမ်းသိမ်းပိုက်မှ အရှုံးပေးပြီး ကျွန်ဘဝမှ အမြန်ဆုံးပြန်လည်လွတ်မြောက်အောင်ရုန်းကန်နိုင်တဲ့ မြန်မာလူမျိုးဟာ ရာဇဝင်မှာစာတင်လောက်တဲ့စွမ်းရည်ပါ။ နိုင်ငံတကာက မော့ကြည့်ရလောက်တဲ့ မျိုးချစ်စိတ်၊ ဇာတိမာန်အမျိုးသားရေးနဲ့ ယဉ်ကျေးမှုအဆင့်ရှိတဲ့ နိုင်ငံ၊ လူမျိုးပါ။

သို့ပါသော်လည်း လွတ်လပ်ရေးရခဲ့ပြီး ၁၉၄၈ ခုနှစ်မှ ယနေ့ထိ သေနတ်သံ၊ ဗုံးသံ၊ မိုင်းကွဲသံမစဲဘဲ အချင်းချင်းလည်း သွေးသံရဲရဲတိုက်ကြခိုက်ကြလို့ မပြီးနိုင်မစီးနိုင် စစ်ကိုဖက်တွယ်၊ ငြိမ်းချမ်းရေးနဲ့ ဝေးကွာခဲ့လေတော့ တိုင်းပြည်နဲ့လူမျိုးရဲ့ အခြေအနေဟာ မြင့်မားနေသလား၊ နိမ့်ကျနေသလား။ စဉ်းစားသာကြည့်ကြပေတော့ပေါ့။ စစ်ရဲ့အနိဋ္ဌာရုံများ။

ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာပညာရေး အခြေအနေတွေကို သေသေချာချာမြော်မြော်မြင်မြင် ရှုမြင်သုံးသပ်စီမံဦးဆောင်တတ်သူတွေ နည်းပါးခဲ့ပုံရတယ်။

**"မတရားစစ်၊ ကျူးကျော်စစ်ကြောင့်၊ စစ်မြစ်မပြတ်၊ ဤလူ့ရပ်ဝယ်၊ သေနတ်ကိုင်ရဆဲပေကို"**တဲ့။

၁၉၆၃ ခုနှစ် မြဝတီမဂ္ဂဇင်းမှာ နာမည်ကျော်ကဗျာဆရာတစ်ယောက်က ရေးခဲ့ဖူးတာမှတ်မိပါရဲ့။ အရင်းရှင်နယ်ချဲ့ရဲ့ နည်းမျိုးစုံနဲ့ကျူးကျော်မှုမှန်သမျှ မိမိတို့က တရားသောစစ်၊ ခုခံစစ်နဲ့ နိုင်ငံတော်ကို ကာကွယ်ရမှာအမှန်ပဲ။ ကျူးကျော်ရန်သူကို တွန်းလှန်ရမှာ နိုင်ငံသားတိုင်းရဲ့ ဘဝပေးတာဝန်ပဲ။ စစ်သားမှ စစ်တိုက်ရမှာမဟုတ်။ ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညာခုခံစစ်နဲ့ တော်လှန်ကြရမှာပေါ့။ ဗီယက်နမ်ရဲ့ အမေရိကန်ကျူးကျော်မှုကို အညံ့မခံနှစ်ပေါင်း ၂၀ လောက် ရဲရဲဝံ့ဝံ့တွန်းလှန်တိုက်ခိုက်ခဲ့တာမျိုးပေါ့။ ပြည်ပကျူးကျော်သူကို တွန်းလှန်၊ တော်လှန်ရတဲ့ ခုခံရေးစစ်ပွဲမျိုးဟာ မှန်ကန်တယ်။ တရားပါတယ်။ နိုင်ငံနဲ့လူမျိုးအတွက် အသက်စွန့်ရပါစေ၊ သေသေကျေကျေ ရင်ဆိုင်ကြရမှာပဲ။

အခုတော့ **"ငါနဲ့မတူ၊ ငါ့ရန်သူ"**ဆိုပြီး အဝေးကလူ၊ အနီးကလူ ဘယ်သူမဆို **"ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်"**နဲ့ရှင်းကြလေရဲ့။ နယ်ချဲ့လက်ပါးစေလို့ တံဆိပ်ကပ်ပြီး ဆန့်ကျင်တိုက်ခိုက်တယ်။ မိမိတို့ပါတီကိုယ်တိုင်က နယ်ချဲ့ကြိုးဆွဲရာကနေပေမယ့် အခြားလူကို **"ဒလန်"**လို့စွပ်စွဲပြီး သွေးသံရဲရဲ ခေါင်းဖြတ်သတ်တယ်။ ရဟန်းသံဃာလည်းသတ်တယ်။ ကျောင်းဆရာ၊ ဆရာမတွေလည်း သတ်တယ်။

စစ်ကိုခေါ်တဲ့၊ စစ်ကိုပျော်တဲ့ တော်လှန်ရေးလို့ မျက်နှာဖုံးစွပ်ထားတဲ့ နိုင်ငံဖျက်ဆီးရေးအကြမ်းဖက်သမား နိုင်ငံရေးနားမလည်သူတွေဟာ လူငယ်ပေါင်း

လက်နက်ကိုင်ပုန်ကန်မှုကိုသာ မီးမွှေးခဲ့တာထင်ရှားမြင်သာနေပါပြီ။ ဟုတ်လို့ကျော်၊ ပုပ်လို့ပေါ်တာပဲ။

တကယ်တော့ စစ်ပွဲဆင်နွှဲမယ်ဆိုရင် စစ်ဗိုလ်စစ်သားမလုပ်ဖူးရင်တောင် စစ်အခြေခံသဘောတရားလောက်တော့ သာမန်လူပြိန်းထက် နိုင်ငံရေးခေါင်းဆောင်လုပ်ချင်သူက သိရပေမှာပေါ့။ ကကြီးခခွေးတွေတောင် အစဉ်လိုက်မှန်အောင်မဆိုတတ်သူတွေက နေရာတကာ်ယူနေတော့ ဘယ်မှာအောင်မြင်နိုင်ပါ့မလဲ။ အရပ်ထဲက စဉ်းစားတတ်တဲ့လူတိုင်းပဲ သိကြပါတယ်။ ဘယ်စစ်သင်တန်းမှတက်စရာမလိုပါဘူး။ ယေဘုယျဆင်ခြင်တုံတရားရှိသူဆို သိမြင်တာ

**❖ ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းနိုင်ငံတိုင်း သူ့နိုင်ငံပိုင်နက်နယ်မြေ၊ ရေပြင်၊ ဝေဟင်၊ မြေပြင်ကို ကာကွယ်စောင့်ရှောက်ရမယ့် တရားဝင်ဥပဒေနဲ့အညီ တပ်မတော်ဆိုတာရှိရစမြဲပါပဲ။ ရှေးမြန်မာများကတော့ ဆင်တပ်၊ မြင်းတပ်၊ ခြေသည်တပ်နဲ့လှေတပ်၊ ရေတပ်များနဲ့ ကာကွယ်ခဲ့ကြတာပေါ့။ ခုခေတ်တော့ ခေတ်မီဝေဟင်စစ်လက်နက်ဒုံးတွေ၊ ဒရုန်းတွေ၊ ဖိုက်တာဂျက်အမျိုးမျိုးအပါအဝင်ပေါ့။ စစ်ကိုမခေါ်ချင်ပါနဲ့။ ငြိမ်းချမ်းပါစေ။ ဥပဒေမဲ့ လက်နက်ကိုင် ရန်ဆူးရန်ငြောင့်ဟူသမျှ နိုင်ငံတော် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အနုနည်း၊ အကြမ်းနည်း၊ ဆွေးနွေးနည်း၊ သံတမန်နည်း စသဖြင့် လုပ်ဆောင်နိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်တက်ညီလက်ညီ ပါဝင်လုပ်ဆောင်ကြရမှာပါ။ ❖**

များစွာကို လှည့်စားသိမ်းသွင်းပြီး သူပုန်ခါးပြဖြစ်စေခဲ့တယ်။ ရထားလမ်း၊ ကားလမ်း၊ တံတားတွေကို မိုင်းခွဲဖျက်ဆီး၊ ဆက်သွယ်ရေးတာဝါတိုင်ကြီးတွေကို မိုင်းခွဲချိုးဖျက်၊ စာသင်ကျောင်းတွေ၊ ဆေးခန်းတွေပါ မီးရှို့၊ တော်လှန်ရေးနာမည်တပ်ပြီး လူသတ်၊ ရွာတွေမီးရှို့၊ ဆက်ကြေးကောက်၊ လုယက်၊ ရက်စက်ကြမ်းတမ်းတာတွေ ပရမ်းပတာပြုလုပ်ခဲ့ကြ။ လက်နက်အားကိုးနဲ့ငါးနှစ်ကြာမျှ ခါးမိုးဗိုလ်ကျခဲ့တော့ စည်းမဲ့ကမ်းမဲ့ လက်နက်နဲ့အာဏာရဲ့အရသာကို ချိုမြိန်ခဲ့လေပြီပေါ့။

နိုင်ငံလူမျိုးတိုးတက်ဖို့လား၊ ဖျက်ဆီးတာလား။ ရပ်ရွာအေးချမ်းသာယာရေးလား၊ တရားမဲ့အာဏာစိုးမိုးရေးလား။ စစ်လား၊ ငြိမ်းချမ်းရေးလား။ ဖျက်ဆီးရေးလား၊ တည်ဆောက်ရေးလား။ အဖျက်နဲ့အပြုဘက်နှစ်ခု။ ကြည့်ကြပါလေ။ ထင်ထင်ရှားရှားကြီးကွဲပြားခြားနားခဲ့ပါပြီ။ အလိမ်အညာမုသားလှည့်စားမှုတွေနဲ့ ခေတ်မီတဲ့သတင်းနည်းပညာအတတ်ပညာတွေအသုံးချပြီး အဝေးတစ်နေရာပြည်ပမှ သွေးထိုးမြှောက်ပင့်နေသမျှဟာ တကယ့်လက်တွေ့အခြေအနေဘဝနဲ့ ကင်းကွာကြောင်းကို ယနေ့အချိန်အခါမှာ ပြည်သူအများသိမြင်နားလည်ကြပါပြီ။ ဝါဝါမြင်တိုင်း ရွှေမဟုတ်တာကို သရုပ်ကွဲခဲ့ပြီ။

မီးရောင်ကို ရွှေရောင်ထင်မှတ်မိတဲ့ ပိုးဖလံမျိုးတွေဟာလည်း မီးကိုတိုးလို့ ကိုယ်ကျိုးနည်းခဲ့ကြပေပြီ။ **"အာဏာရှင်စနစ်လို့ အမည်တပ်ပြီး"** လူပုဂ္ဂိုလ်မုန်းတီးရေးနဲ့ သွေးထိုးလှုံ့ဆော်ပြီး ရှူးတိုက်နေပေမယ့် တရားဥပဒေနဲ့အညီ အခြေခံသဘောအရ ဒီမိုကရေစီရွေးကောက်ပွဲနဲ့ ကျင်းပရွေးချယ်ခံခဲ့ရသူများရဲ့ လူထုကိုယ်စားလှယ်မဲနဲ့ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ အစိုးရဆိုတာ နိုင်ငံတကာက အထင်အရှားအသိအမှတ်ပြုနေပြီပဲ။ မိမိကိုယ်ကိုအစိုးရလို့ အရှက်မရှိအမည်တပ်ပြီး ဥပဒေနဲ့အညီ တရားဝင်တာဘာမှမရှိဘဲ

ပဲ။ **ဆန်သုံးဆန် ပြည့်စုံရမယ်။ ပိုက်ဆံ၊ ကျည်ဆန်၊ ဆန်၊ စားနပ်ရိက္ခာ။**

ဒါလေးတောင်မသိဘဲကြုံရာကျပန်းလုပ်သွားကြတာပေါ့ဆိုပြီး လေထဲတိုက်အိမ်ဆောက်စမ်းသပ်ရင် အဖြေမှန်ဟာ ငါးနှစ်လောက်ကြာရင် ပေါ်ထွက်မှာပဲ။ နိုင်ငံရေးသမားအမည်ခံပေမယ့်လည်း တာဝန်ယူနိုင်စွမ်းမရှိတော့ ပြောသမျှ၊ လုပ်သမျှက အဟောသိကံဖြစ်ရရှာတယ်။ နိုင်ငံရေးသမားကောင်းမှန်ရင် ထိုက်သင့်တဲ့သိက္ခာတော့ရှိရမှာပေါ့။ ယုံကြည်ထိုက်ပါတော့မလား။ အမှားက အဖျက်အဆီးကြီးမားလွန်းခဲ့တယ်။

တိုင်းပြည်ကိုဖွံ့ဖြိုးတိုးတက်စေချင်ရင် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်ရပါမယ်။ ငြိမ်းချမ်းရေးဖြစ်ပေါ်အောင် ရန်မီးရန်စတွေကို ကျူပြင်ခုတ် ကျူငုတ်မကျန်အောင် အမြစ်ကနေ မြေလှန်ပြီးရှင်းလင်းရမယ်ထင်တာပဲ။

**ရန်ကြွင်းဆိုတာ မထားအပ်ဘူး။**

**မီးကြွင်းမီးကျန်ဆိုတာ မရှိစေရဘူး။**

**အလုံးစုံအပြီးအပြတ်ရှင်းရမှာဖြစ်ပါတယ်။**

ဘယ်စနစ်နဲ့၊ ဘယ်သူဘယ်ဝါပဲအုပ်ချုပ်သည်ဖြစ်စေ၊ တိုင်းပြည်လုံခြုံအေးချမ်းအောင် တပ်မတော်ဆိုတာ ရှိကိုရှိရတာလေ။ တပ်မတော်ကို အန်တုပုန်ကန်ရင်တော့ ကျောက်တုံးတံတိုင်းကို ခြေနဲ့ကန်တဲ့ မသိနားမလည်ကလေးငယ် ခြေထောက်နာရုံပဲလေ။ သမ္မတပဲအုပ်ချုပ်အုပ်ချုပ်၊ ဝန်ကြီးချုပ်ပဲအုပ်ချုပ်အုပ်ချုပ်၊ နိုင်ငံ့ခေါင်းဆောင်ကတော့ တိုင်းပြည်ကိုကာကွယ်ဖို့ စစ်တပ်ဆိုတာထားရမှာပဲ ကိုယ့်လူရေ။ တို့တိုင်းပြည်နဲ့စာရင် ဆယ်ပုံတစ်ပုံလေးလောက်တောင် နယ်မြေအကျယ်အဝန်းမရှိတဲ့ စင်ကာပူလို၊ ဘရူနိုင်းလိုနိုင်ငံမျိုးတောင် ကြည်း၊ ရေ၊ လေ တပ်တွေနဲ့ အကောင်းဆုံးဖွဲ့စည်းထားကြတယ်လေ။ တွေ့လား။ စင်ကာပူကို ဘယ်နိုင်ငံက ကျူးကျော်စစ်တိုက်လာမလဲ။

ယင်ကောင်မဟုတ်ဘူးခင်ဗျ။ ပျားလိုပျားအုံလိုဖျက်ဆီးလာမယ့်ရန်ကို လဲကျသွားအောင် ဝိုင်းတုပ်နိုင်တဲ့အဆိပ်ရှိတယ်လေ။ (စင်ကာပူရဲ့လေတပ်အုပ်စုတွေကို ဘရူနိုင်းနိုင်ငံမြေပေါ်မှာ၊ ဩစတြေးလျနိုင်ငံမြေပေါ်မှာ အဆင်သင့်အခြေချထားတယ်။ စင်ကာပူဟာ သူ့ရေ၊ သူ့မြေ၊ သူ့ဝေဟင်ပိုင်နက်ကို ကာကွယ်ရမယ့် တပ်မတော်ရှိတာပဲ) နိုင်ငံတိုင်းလိုလိုမှာ တပ်မတော်ရှိရတယ်လေ။ တပ်မတော်ကို လက်နက်ကိုင်အနိုင်ယူပြီး အစိုးရလုပ်မယ်ဆိုတဲ့ စင်ပြိုင်အစိုးရလုပ်ခဲ့တာဟာ တကယ်တော့ နိုင်ငံနဲ့ ပြည်သူကို ကောင်းကျိုးပြုဖို့ထက် ဆိုးကျိုးဖြစ်အောင်သက်သက်တမင်ဖျက်ဆီးနှောင့်ယှက်နေရုံထက် မပိုပါဘူး။

ယေဘုယျအားဖြင့် ကမ္ဘာပေါ်မှာ နိုင်ငံတိုင်း နိုင်ငံတိုင်း သူ့နိုင်ငံပိုင်နက်နယ်မြေ၊ ရေပြင်၊ ဝေဟင်၊ မြေပြင်ကို ကာကွယ်စောင့်ရှောက်ရမယ့် တရားဝင်ဥပဒေနဲ့အညီ တပ်မတော်ဆိုတာရှိရစမြဲပါပဲ။ ရှေးမြန်မာများကတော့ ဆင်တပ်၊ မြင်းတပ်၊ ခြေသည်တပ်နဲ့ လှေတပ်၊ ရေတပ်များနဲ့ ကာကွယ်ခဲ့ကြတာပေါ့။ ခုခေတ်တော့ ခေတ်မီဝေဟင်စစ်လက်နက်ဒုံးတွေ၊ ဒရုန်းတွေ၊ ဖိုက်တာဂျက်အမျိုးမျိုးအပါအဝင်ပေါ့။

စစ်ကိုမခေါ်ချင်ပါနဲ့။ ငြိမ်းချမ်းပါစေ။ ဥပဒေမဲ့ လက်နက်ကိုင် ရန်ဆူးရန်ငြောင့်ဟူသမျှ နိုင်ငံတော် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အနုနည်း၊ အကြမ်းနည်း၊ ဆွေးနွေးနည်း၊ သံတမန်နည်း စသဖြင့် လုပ်ဆောင်နိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်တက်ညီလက်ညီ ပါဝင်လုပ်ဆောင်ကြရမှာပါ။

သူပုန်သူကန်လက်နက်ကိုင်တွေက ဘယ်လိုစစ်နည်းဗျူဟာမျိုးတွေ ကျင့်သုံးရပ်တည်နေတာလဲ။ သိကြတဲ့အတိုင်း-

| | |
|---|---|
| ၁။ **သူလာ ငါဆုတ်။** | ရှောင်ပုန်းနေမယ်။ |
| ၂။ **သူဆုတ် ငါလိုက်။** | ပြန်သွားရင်ဝင်လာမယ်။ |
| ၃။ **သူနား ငါရှုပ်။** | အနှောင့်အယှက်လုပ်။ |
| ၄။ **သူမော ငါတိုက်။** | ပန်းပုံရရင်တိုက်မယ်။ |
| ၅။ **အမာရှောင်။** | ခိုင်မာတာ လာမတိုက်။ |
| ၆။ **အမွတိုက်။** | တပ်သေးတွေ သာလွန်အင်အားနဲ့လာတိုက်မယ်။ |
| ၇။ **အငိုက်ဖမ်း။** | ချုံခို၊ ဖြတ်တိုက်။ |
| ၈။ **အမြဲသတိရှိ။** | |
| ၉။ **အမြဲလှေ့ကျင့်။** | ဒါဟာ သူတို့သုံးနေကျ။ |

မိမိတို့တပ်မတော်နဲ့ပြည်သူက ဖြတ် ၄ ဖြတ်နဲ့ အပြတ်အသတ်ဆော်ရင်ရပါတယ်။ အနှစ် ၂၀ ရှင်သန်ခဲ့တဲ့ ဗကပကို တစ်စမှမကျန်အောင် ဗိုလ်ချုပ်တင့်ဆွေ၊ ဗိုလ်ချုပ်သန်းတင် စတဲ့တိုင်းမှူး၊ တပ်မမှူးတွေက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင် စတဲ့ဗကပခေါင်းဆောင်များအပါအဝင် သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်လက်နက်ကိုင်သောင်းကျန်းသူအဖျက်သမားမှန်သမျှကို ကျူပြင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းလင်းနိုင်ခဲ့ဖူးတဲ့သာဓကလက်တွေ့ဥပမာများရှိခဲ့ပြီးသားပဲ။ တို့ခေတ်ကျမှ (ဒရုန်းတွေ၊ ဂျက်တွေလည်း ရှိရဲ့သားနဲ့)ညံ့ကြတော့မှာလားလို့ မေးစရာလိုမယ်မထင်ပါ။ မကြာမတင် နိုင်ငံအဝန်းအေးချမ်းသာယာစေအောင် စွမ်းဆောင်နိုင်မယ်၊ ယုံကြည်ပါတယ်။

ပြည်သူတွေက စစ်ကိုလိုလားသလား၊ ငြိမ်းချမ်းရေးကို လိုချင်တာလား။ သဲသဲကွဲကွဲအားပေးထောက်ခံပြီး တက်တက်ကြွကြွ ပါဝင်ပူးပေါင်းကူညီကြရင်တော့ နောင်မှာ တိုက်ပွဲတွေမရှိနိုင်တော့ဘူးပေါ့။ ပြည်သူတွေကသာ အဓိကအဆုံးအဖြတ်ပါပဲ။ စစ်ကိုကြိုက်သလား။ ငြိမ်းချမ်းရေးကိုကြိုက်သလား။ ပြတ်သားပါစေ။

**တန်ပြန်ပြောက်ကျား"ဖြတ် ၄ ဖြတ်"**

**သတင်းဖြတ်၊ အဆက်အသွယ်ဖြတ်၊ ရိက္ခာဖြတ်၊ ခဲယမ်းဖြတ်** ဒေသခံပြည်သူလူထု ပြည့်ပြည့်ဝဝပါဝင်ကြရမယ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၅၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၅၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲစင်းငုံဧက ၂၁၈၂၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၅၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၁၈၂၀ လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၂၁၅၀၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**ဥတ္တရသီရိ ဇူလိုင် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံကိန်းဖြင့် ကျွဲရှင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမောင်၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့်ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲရှင်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမောင်က ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျွဲရှင်းကျေးရွာ၌ ၂ လက်မ ပိုက်အရှည်ပေ ၃၀၁၀ ရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ပြည်ထောင်စုမှုလခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၀၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျွဲရှင်းကျေးရွာရှိ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်ဇွန်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဘက်ကနေ ညှော်မထဆန်အိတ်ရေအများအပြားရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟသ်ာတမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား



ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇွန်လအတွင်းမှာကောလတ်တလောအနေနဲ့ပါ ညှော်မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထား တင်ပို့ရောင်းချနေပါတယ်'' ဟု ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေတစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် ကမ်းမြင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမ်းမြင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၀ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ်းမြင့်ကျေးရွာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ၄၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**အေးမြတ်**

# သရက်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဇူလိုင် ၁၄**


မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပျဉ်ထောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ငုဝါထွေး၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၅၃ ဒသမ ၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၇သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၇၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၇၅ သန်းထိ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဆက်လူ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အကြောင်း

စိန်လှိုင်ဖိုလ်



ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ သည် လူအများနှင့် မစိမ်းပါ။ အထူးသဖြင့် လမ်းမအသီးသီးပေါ်တွင် မောင်းနှင်နေကြသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ထိခိုက်မိတတ်ခြင်းကြောင့် ရဲစခန်း၊ တရားရုံးများတွင် အသုံးများသောပုဒ်မဖြစ်သည်။ "ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ နှင့် အကျုံးဝင်စေရန် လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ ပေါ့ဆ၍သော်လည်းကောင်း ပြုလုပ်ခြင်းအတွက်" ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသောပုဒ်မဖြစ်သည်။ လက်ရှိနယ်ပယ်တွင် ကုန်းလမ်းပေါ် ပြေးလွှားမောင်းနှင်နေကြသောယာဉ်များ၏ အမှုများကို တွေ့မြင်ကြားသိနေရသော်လည်း မြစ်ကြောင်းအတွင်း ရေယာဉ်တိုက်မှုများအတွက် ပြစ်မှုပုဒ်မ(၃၃၇)အရစွဲဆိုသော အမှုအရေအတွက်မှာ အလွန်နည်းသည်။ ဖြစ်ခဲဖြစ်ခဲလည်းဖြစ်သည်။ သင်္ဘောနှစ်စီး မြစ်ထဲတွင်တိုက်ခိုက်မိ၍ စွဲဆိုသောအမှုမျိုးတွင် မိမိလိုက်ပါစီးနင်းလာသော သင်္ဘောက လမ်းမှန်သည်ဟု ရုံးတော်ရှေ့မှောက် ထွက်ဆိုသည်များရှိသကဲ့သို့ အခြားတစ်ဖက်သင်္ဘောပေါ်မှ လိုက်ပါစီးနင်းလာသောသက်သေများကလည်း မိမိသင်္ဘောဘက်မှမှန်သည်။ တစ်ဖက်သင်္ဘောဘက်မှ မှားသည်ဟူ၍ ထွက်ဆိုတတ်ကြသည်။

အကြောင်းခြင်းရာတစ်ရပ်ကို သက်သေများက တစ်ဖက်စီထွက်ဆိုနေကြလျှင် ပတ်ဝန်းကျင်အခြေအနေနှင့် နှစ်ဖက်မငြင်းကွယ်နိုင်သော အကြောင်းခြင်းရာများအပေါ် တရားရုံးများက မူတည်စဉ်းစားရခြင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ အကျုံးဝင်ရန်လိုအပ်သော အင်္ဂါရပ်များအပေါ် ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။ ဗဟိုဥပဒေရုံးက မူလရုံး၏အမိန့်ကို ကျေနပ်မှုမရှိခြင်းကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံတင်သွင်းသော အမှုလည်းဖြစ်သည်။

**အမှုဖြစ်စဉ်အကျဉ်း**

၁၉၇၃ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၃ နာရီခန့်တွင် အစိုးရပိုင် ရေယာဉ်အမှတ် ဘီ-၃၆ သည် ခရီးသည်များနှင့် သင်္ဘောသား စုစုပေါင်း ၂၄ ဦးခန့်ကို တင်ဆောင်လျက် မအူပင်မြို့ဆိပ်ကမ်းမှ ပုသိမ်မြို့သို့ ထွက်ခွာလာသည်။ ထိုနေ့မှာပင် ဝါးခယ်မမြို့မှ ရန်ကုန်မြို့သို့ခုတ်မောင်းလာသော ဒဂုံမေ နှစ်ထပ်သင်္ဘောနှင့်တိုက်မိသည်။ ဘီ-၃၆ ရေယာဉ်၏ လက်ဝဲဘက်စက်ခန်းအရှေ့ပိုင်း ပေါက်သွားသောကြောင့် နီးရာဆိပ်ကမ်းသို့ တိုးကပ်ရင်း ကမ်းစပ်တွင် တိမ်းမှောက်သွားသည်။ ပစ္စည်းတချို့ဆုံးရှုံး၍ ရေယာဉ်တွင်လိုက်ပါလာသူတချို့ ဒဏ်ရာအနည်းငယ်ရကြသည်။

ဖြစ်ပွားမှုနှင့်ပတ်သက်၍ ဒဂုံမေ သင်္ဘောမှ တက်မကိုင် အလီဘူစိန်နှင့် စက်ခန်းအုပ် မောင်တင်စိန်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ စွဲချက်တင်စစ်ဆေးပြီး မအူပင်မြို့နယ်တရားရုံးက တရားခံနှစ်ဦးစလုံးကို အပြီးအပြတ်လွှတ်ခဲ့သော အမိန့်ကိုဗဟိုဥပဒေရုံးကပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံဝင်ရောက်ခဲ့သည်။

အယူခံတရားလိုက တင်ပြသည်မှာ ဘီ-၃၆ ရေယာဉ်သည် မအူပင်ဆိပ်ကမ်းမှ ပုသိမ်ဆိပ်ကမ်းသို့ ထွက်ခွာလာစဉ် ဒဂုံမေသင်္ဘောက ဥသြတစ်ချက်ပေး၍ မြစ်လယ်တွင် စုန်ဆင်းလာရာ ဘီ-၃၆ ရေယာဉ်ကလည်း ဥသြတစ်ချက်ပေးပြီး လက်ယာဘက်သို့ ခုတ်မောင်းပေးသော်လည်း မြစ်လယ်မှစုန်ဆင်းလာသော ဒဂုံမေသင်္ဘောက ဘီ-၃၆ ရေယာဉ်ကို ဝင်၍ တိုက်မိသည်။ ဒဂုံမေသင်္ဘောသည် ရေကြောင်းစည်းကမ်းအရ မြစ်လက်ယာဘက်သို့ကပ်၍ ခုတ်မောင်းရမည်ဖြစ်သော်လည်း မြစ်လယ်မှ ခုတ်မောင်းသဖြင့် တိုက်ခိုက်မှုဖြစ်ပွားရသောကြောင့် တက်မကိုင်နှင့် စက်ခန်းအုပ်တို့သည် သင်္ဘောကို မဆင်မခြင်ပေါ့လျော့စွာမောင်းနှင်ကြောင်း တင်ပြခဲ့သည်။

အယူခံဝင်ရောက်ခြင်းခံရသူများက အချင်းဖြစ်ပွားစဉ် ဒဂုံမေသင်္ဘောသည် မအူပင်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသောတွဲများကိုကျော်၍ ထွက်လာသည့် ဘီ-၃၆ ရေယာဉ်ကို အနီးရောက်မှ တွေ့မြင်ရသောကြောင့် စက်ကိုရပ်လိုက်သော်လည်း အရှိန်နှင့်တိုက်မိခဲ့ကြောင်း၊ **ဒဂုံမေသင်္ဘောမှာ ရေစုန်နှင့် မောင်းလာသော သင်္ဘောဖြစ်၍ ရေဆန်မောင်းလာသော ဘီ-၃၆ ရေယာဉ်က ရေစုန်မှမောင်းလာသည့် သင်္ဘောကို ပြည်တွင်း မြစ်ကြောင်းသွားလာရေးဥပဒေအရ ဦးစားပေးရမည်ဖြစ်သော်လည်း မဆင်မခြင် ပေါ့လျော့စွာမောင်းနှင်ကြောင်း** တင်ပြသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဒဂုံမေသင်္ဘောသည် ဘီ-၃၆ ရေယာဉ်နှင့် မတွေ့ဆုံမီ ရန်ကုန်မြို့မှပုသိမ်မြို့သို့ ရေဆန်မောင်းနှင်သွားသော တောသားကြီးသင်္ဘောနှင့် ဆုံမိကြသေးသည်။ တောသားကြီးသင်္ဘော တက်မကိုင်ကိုအောင်မြင့်(လိုပြ-၁၄)က မိမိသင်္ဘောနှင့် ဒဂုံမေသင်္ဘောတို့ တွေ့ဆုံသောအချိန်တွင် ထုံးစံအတိုင်း မိမိက လက်ယာဘက်သို့ မီးဆလိုက်ထိုး၍ မောင်းသည်။ စုန်ဆင်းလာသောသင်္ဘောကလည်း လက်ယာဘက်သို့ ဆလိုက်ထိုး၍မောင်းသည်။ မိမိသင်္ဘောကို လွန်သွားပြီးနောက် ဒဂုံမေသင်္ဘောသည် ဘီ-၃၆ ရေယာဉ်နှင့်တိုက်မိခြင်းဖြစ်ကြောင်း သိရပါသည်ဟု ထွက်ဆိုသည်။

ထို့ကြောင့် ဒဂုံမေသင်္ဘောနှင့် တောသားကြီးသင်္ဘောတို့ ဆုံတွေ့နေစဉ်အချိန်တွင် လွတ်လွတ်ကင်းကင်းမောင်းနှင်နိုင်ခဲ့သော်လည်း မကြာမီ ဘီ-၃၆ ရေယာဉ်နှင့်ဆုံမိသောအခါတွင်မှ တိုက်ခိုက်မှုဖြစ်ပွားရသောကြောင့် ဒဂုံမေသင်္ဘောက ရေကြောင်းလွဲမှားမောင်းနှင်သည်ဟု မဆိုနိုင်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ဘီ-၃၆ ရေယာဉ်သည် အချင်းဖြစ်ပွားစဉ် မအူပင်ဆိပ်ကမ်းမှ စတင်ထွက်ခွာစအချိန်ဖြစ်သောကြောင့် ရေကြောင်းအတိုင်းသွားလာလျက်ရှိသော အခြားသင်္ဘောများ ရှိ၊ မရှိကို သတိပြုရမည်ဖြစ်သည်။ သင်္ဘောနှစ်စီးသည် တစ်စီးနှင့်တစ်စီး စောစောကကြိုတင်တွေ့မြင်နိုင်လျှင် တိုက်ခိုက်မှုဖြစ်ပွားရန် အကြောင်းမရှိကြောင်း၊ ဒဂုံမေသင်္ဘောတွင် လိုက်ပါလာသော ခရီးသည်ဦးအုန်းကျော်(ခံပြ-၇)က ဒဂုံမေသင်္ဘောသည် ဇရာဝတီသင်္ဘောတစ်စီးနှင့် ဆုံမိသောကြောင့် စက်အရှိန်လျှော့၍မောင်းလာစဉ် ဇရာဝတီသင်္ဘောနောက်မှ ကပ်၍လိုက်လာသော ဘီ-၃၆ ရေယာဉ်နှင့်တိုက်မိကြောင်း၊ တိုက်မိသောနေရာမှာလည်း မြစ်ကွေ့ဖြစ်ကြောင်းထွက်ဆိုသည်ကို အယူခံရုံးတော်က ထောက်ရှုခဲ့သည်။

ထို့ကြောင့် သင်္ဘောနှစ်စီးတိုက်မိရခြင်းမှာ ဘီ-၃၆ ရေယာဉ်သည် ဆိပ်ကမ်းရှိတွဲများကို ရုတ်တရက် ကျော်၍ထွက်လာခြင်း၊ အရှေ့မှာလည်း တောသားကြီးသင်္ဘောရှိနေခြင်းတို့ကြောင့် အနီးရောက်ခါမှ ကပ်၍မြင်ရသော ဒဂုံမေသင်္ဘောက မလွှဲမရှောင်သာ တိုက်မိခြင်းဖြစ်သည်ဟု အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

အမှုတွင် ဒဂုံမေသင်္ဘောက လမ်းမှားသည်ဟု ထွက်ဆိုကြသောသက်သေများက တစ်ဖက်၊ ဘီ-၃၆ ရေယာဉ်က လမ်းမှားသည်ဟု ထွက်ဆိုကြသော သက်သေများကတစ်ဖက် ရှိနေကြသောကြောင့် ပတ်ဝန်းကျင်အခြေအနေနှင့် နှစ်ဖက်မငြင်းကွယ်နိုင်သော အကြောင်းခြင်းရာများအပေါ် ရုံးတော်က မူတည်၍ စဉ်းစားခဲ့သည်။

ဘီ-၃၆ ရေယာဉ်သည် မအူပင်ဆိပ်ကမ်းမှ ထွက်ခွာလာစဖြစ်ခြင်း၊ ဒဂုံမေသင်္ဘောသည် မိမိခရီးစဉ်အတိုင်းရေစုန်မောင်းနှင်လာစဉ်တိုက်မိခြင်း၊ ဒဂုံမေသင်္ဘောသည် တောသားကြီးသင်္ဘောကို လွတ်ကင်းစွာမောင်းနှင်ခဲ့ပြီးနောက်မှ ဘီ-၃၆ ရေယာဉ်နှင့်တိုက်မိရခြင်းတို့ကြောင့် ဒဂုံမေသင်္ဘော၏ လမ်းကြောင်းမှားသည်ဟုမဆိုနိုင်ခြင်း၊ တိုက်မိသောသင်္ဘောနှစ်စီးသည် တစ်စီးနှင့်တစ်စီး နီးကပ်သောအချိန်တွင်မှတွေ့မြင်ကြရခြင်း အစရှိသော အချက်များမှာ နှစ်ဖက်မငြင်းကွယ်နိုင်သောအချက်များဖြစ်၍ ၎င်းအချက်များကို ထောက်ရှုလျှင် ဒဂုံမေသင်္ဘောလမ်းမှားသည်ဟုမဆိုနိုင်ကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ အကျုံးဝင်စေရန် လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်ရမည်ဖြစ်ပေသည်။ အယူခံတရားခံများသည် သင်္ဘောကို အရမ်းမောင်းနှင်သည် သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်သည်ဟူသောအချက် မပေါ်ပေါက်ချေ။ မူလရုံးက အယူခံတရားခံများအပေါ် အမှုမှ အပြီးအပြတ်လွှတ်ခဲ့သောအမိန့်ကို ပြင်ဆင်ရန်အကြောင်းမရှိသောကြောင့် ဗဟိုတရားရုံးက အယူခံကိုပယ်လိုက်သည်။

အထက်ပါအမှုတွင် ဗဟိုတရားရုံး (အယူခံရုံးတော်)သည် ပြဋ္ဌာန်းထားသော ပုဒ်မ ၃၃၇ ၏ ညွှန်းဆိုချက်များအပေါ် လက်ခံလိုက်နာပြီး အဓိကအားဖြင့် ဆင်ခြင်တုံတရားကို ကျယ်ပြန့်စွာသုံးသပ်၍ ဆုံးဖြတ်လိုက်ကြောင်း တွေ့မြင်ကြရမည်ဖြစ်သည်။ အမှုဖြစ်စဉ်အကြောင်းခြင်းရာကို မူလရုံးများအနေဖြင့်လည်း စေ့စပ်သေချာစွာဆင်ခြင်သုံးသပ်ရန် လမ်းညွှန်ရာရောက်ပါကြောင်း ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် (၁) အလီဘူစိန် (၂) မောင်တင်စိန် ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၂၀)ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

❖ **အကြောင်းခြင်းရာတစ်ရပ်ကို သက်သေများက တစ်ဖက်စီ ထွက်ဆိုနေကြလျှင် ပတ်ဝန်းကျင်အခြေအနေနှင့် နှစ်ဖက်မငြင်းကွယ်နိုင်သောအကြောင်းခြင်းရာများအပေါ် တရားရုံးများက မူတည်စဉ်းစားရခြင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အရ အကျုံးဝင်ရန်လိုအပ်သောအင်္ဂါရပ်များအပေါ် ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ဥပဒေဗဟုသုတ အလို့ငှာ ရေးသားတင်ပြပါဦးမည်။ ဗဟိုဥပဒေရုံးက မူလရုံး၏အမိန့်ကို ကျေနပ်မှုမရှိခြင်းကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံတင်သွင်းသောအမှုလည်းဖြစ်သည်။** ❖

# ကူးစက်တတ်သော ဝဲယားနာရောဂါ

ဒေါက်တာလွင်သန့်

ဝဲယားနာသည် ကူးစက်တတ်သော အရေပြားရောဂါတစ်မျိုးဖြစ်ပြီး ပိုးဝင်သော အရေပြားနေရာများတွင် အပြင်းအထန်ယားယံခြင်းကို ဖြစ်စေနိုင်သည်။ ညဖက်တွင် ပို၍ယားယံတတ်ကြသည်။ လူတစ်ဦးမှတစ်ဦးဆီသို့ ကူးစက်နိုင်သောအရေပြားရောဂါဖြစ်သောကြောင့် မိသားစုထဲတွင် မိသားစုဝင်တစ်ယောက်ဝဲယားနာဖြစ်ပါက တစ်မိသားစုလုံးပျံ့နှံ့တတ်သဖြင့် မိသားစုလိုက်ကုသမှုခံယူရန်လိုအပ်သည်။ ဥပမာသံချဆေးသောက်စေမည်ဆိုလျှင် အိမ်ရှိလူကုန်သံချဆေးသောက်သင့်သည်။ ဝဲယားနာသည် အလွယ်တကူကုသပျောက်ကင်းနိုင်သော ရောဂါဖြစ်သော်လည်း ရက်သတ္တပတ်အတန်ကြာ အရေပြားယားယံနေတတ်သည်။

**ဖြစ်ပေါ်ရသည့်အကြောင်းရင်း**

ဝဲယားနာရှိသူနှင့် ထိတွေ့ခြင်း၊ နီးနီးကပ်ကပ်နေထိုင်ခြင်းမှတစ်ဆင့် ဝဲယားနာရောဂါကူးစက်သည်။ ထို့ပြင် ဝဲယားနာရှိသူနှင့် အဝတ်အစားများ၊ အတူအသုံးပြုခြင်း၊ အိပ်ရာအတူတကွ အသုံးပြုခြင်းမှလည်းကူးစက်တတ်သည်။

**ဝဲပိုးများ၏သံသရာ**

အလွန်သေးငယ်သော ဝဲပိုးအထီးသည် အရေပြားပေါ်တွင် ဝဲပိုးအမနှင့်မိတ်လိုက်ပြီး မကြာမီ သေဆုံးသွားသည်။ ထို့နောက် ဝဲပိုးအမသည် အရေပြားအပေါ်ယံအလွှာအောက်ဝင်ရောက်ကာ မျိုးဥများဥချသည်။ထိုဥများအကောင်ပေါက်ကာ၊သားလောင်းများအဖြစ်ရောက်ရှိပြီး အရေပြားပေါ်တွင် ဆက်လက်ကြီးထွားကာ သံသရာလည်ခြင်းဖြစ်သည်။ ဝဲပိုးများနှင့်၎င်းတို့၏ဥများ၊ အညစ်အကြေးစွန့်ပစ်ပစ္စည်းများကို ခန္ဓာကိုယ်မှတုံ့ပြန်မှုကြောင့် ယားယံခြင်းဝေဒနာကိုခံစားရသည်။

တိရစ္ဆာန်ပေါ်တွင်ဝဲပိုးသည် မျိုးပွားရှင်သန်နိုင်စွမ်းရှိသော်လည်း တိရစ္ဆာန်ပေါ်မှဝဲပိုးသည် လူ့အရေပြားနှင့်ထိတွေ့သည့်အချိန်တွင် ယားယံခြင်းကိုဖြစ်ပေါ်စေပြီး ရက်အနည်းငယ်အတွင်း သေဆုံးသည်။ ထို့ကြောင့် ဝဲပိုးသည်တိရစ္ဆာန်မှတစ်ဆင့် လူကိုမကူးစက်နိုင်ပါ။

ဝဲယားနာရောဂါသည် မည်သူမဆိုဖြစ်ပေါ်နိုင်ပြီး သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့်ဆယ်ကျော်သက်များတွင် ပို၍အတွေ့များသည်။ ရောဂါဖြစ်ပွားနှုန်းသည် လူနေမှုအဆင့်အတန်းနိမ့်သော ဒေသများ၊ အပူပိုင်းဇုန်ဒေသများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် ဝဲယားနာရောဂါဖြစ်ပွားမှု ပိုမြင့်မားတတ်သည်။

ဝဲယားနာရောဂါကူးစက်နိုင်သော အခြေအနေများမှာ လူထူထပ်သောနေရာတွင် နေထိုင်ခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ ဆင်းရဲခြင်း၊အာဟာရချို့တဲ့ခြင်း၊ အိမ်ရာမဲ့ဖြစ်ခြင်း၊ ကိုယ်ခံအားကျဆင်းခြင်းတို့ဖြစ်သည်။ ဝဲယားနာသည် ခုခံအားလျော့နည်းရောဂါများ အိတ်ချ်အိုင်ဗွီပိုးရှိသူများ၊ ကင်ဆာနှင့်ဆီးချိုရောဂါရှိသူများတွင် ကူးစက်လွယ်သည်ကိုတွေ့ရတတ်သည်။

ဝဲယားနာရောဂါရှိသူများတွင် ဝဲကြောင့်ယားခြင်းက အလွန်နေရခက်သည်။ လူကြီးသူကြီးတွင် အိမ်ခြေမဆောင်နိုင်အောင် ယားသည့်အခါပိုဆိုးသည်။ အထူးသဖြင့် ညအိပ်ရာဝင်သည့်အချိန်တွင် ပိုယားလေ့ရှိသည်။

ဝဲယားနာက ဝဲပိုးများကို သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ အဏုကြည့်မှန်ဘီလူးဖြင့် ကြည့်လျှင်



ကြမ်ပိုးအသေးစား၏ ပုံသဏ္ဍာန်တွေ့ရသည်။ ဝဲပိုးသည်အရေပြား၏အပေါ်ယံအလွှာတွင် ညအချိန်လိုဏ်ခေါင်းလုပ်ပြီးသွားတတ်ပြီး နေအချိန်တွင် ဥချတတ်သည်။ အဆိုပါဥများသည် သုံးရက်မှ လေးရက်အတွင်း အကောင်ပေါက်လာတတ်သည်။

တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းသူများတွင် ဝဲယားနာရောဂါပိုပြီးဖြစ်တတ်သည်။ ရေမှန်မှန်ချိုးခြင်း၊ အိပ်ရာခင်းမှန်မှန်လဲခြင်း၊ အဓိကလေဝင်လေထွက်အလင်းရောင်ရရှိမှုနည်းခြင်း၊ လူအများအပြားစုနေရသည့်အကျဉ်းထောင်၊အဆောင်၊ဘော်ဒါဆောင်တို့တွင် ပိုဖြစ်တတ်သည်။

ဝဲပိုးသည်အိပ်ရာခင်းများထောင့် အဝတ်အစားများ၏ ချုပ်ရိုးကြောင်းထဲတွင် နှစ်ရက်မှ သုံးရက်ထိ ရှင်သန်နေနိုင်သည့်အတွက်ကြောင့် အခြားသူတို့၏ မသန့်ရှင်းသည့်အဝတ်အစားတို့ကို သုံးမိပြီး မသန့်ရှင်းသည့်အိပ်ရာခင်းပေါ်အိပ်မိလျှင်လည်း ဝဲယားနာရောဂါကူးနိုင်သည်။

အခြားနည်းအရ ဝဲယားနာရောဂါရှိသူနှင့် လိင်ဆက်ဆံရာတွင် ကွန်ဒုံးသုံးလျှင်လည်း အသားချင်းထိစပ်ရာမှ တစ်ဆင့်ကူးနိုင်သည်။ ဝဲယားနာရောဂါသည်အခြားရောဂါများနှင့် နီးနွယ်တတ်သည်။ ခန္ဓာကိုယ်ခုခံအားနည်းရောဂါများဖြစ်သော သွေးကင်ဆာရောဂါရှိသူများ အိတ်ချ်အိုင်ဗွီဝေဒနာရှင်များတွင်ပို၍ဖြစ်တတ်သည့်အပြင် ဝဲပိုးကပိုပွားနှုန်းမြန်သည်။

**ဝဲရောဂါလက္ခဏာများ**

ဝဲယားနာရောဂါသည် ဝဲပိုးစတင်ကူးစက်ပြီး လေးပတ်မှခြောက်ပတ်ကြားတွင် လက္ခဏာစတင်ဖြစ်ပေါ်သည်။ အဓိကလက္ခဏာများမှာ အရေပြားတွင် အဖုအပိမ့်၊ အနီးကွက်ထွက်ခြင်း၊ ပြင်းထန်သော ယားယံခြင်းများဖြစ်ပြီး များသောအားဖြင့် ညအချိန်၌ပို၍ယားတတ်သည်။ အနီကွက်များသည် ဦးခေါင်းနှင့်လည်ပင်းမှအပ တစ်ကိုယ်လုံးပျံ့နှံ့သည်။ လက်ချောင်းကြား၊ လက်ကောက်ဝတ်ကြားတစ်ဝိုက်၊ တံတောင်ဆစ်အတွင်းဘက်၊ ရင်ဘတ်၊ ချိုင်းအောက်၊ ခါးနှင့်ချက်တစ်ဝိုက်၊ ပေါင်းခြံ၊ လိင်အင်္ဂါတစ်ဝိုက်၊ တင်ပါးစသည့်နေရာများတွင် အဖြစ်များသည်။

သက်ကြီးရွယ်အိုများနှင့် ကလေးများတွင်မှု ဦးခေါင်း၊ လည်ပင်း၊ လက်ဖဝါး၊ ခြေဖဝါးများတွင်ပါ အနီးကွက်များထွက်လာလျှင် ဂရုပြုရမည်ဖြစ်သည်။

ဝဲယားနာဖြစ်သူများတွင် အနီကွက်ထွက်ခြင်း၊ ယားယံခြင်းအပြင် အောက်ဖော်ပြပါ ထူးခြားသည့် အမျိုးအစားပုံစံများလည်းတွေ့ရှိရသည်။

**တွင်းခေါင်း(Burrow)**

ဝဲယားနာ၏ထင်ရှားသော လက္ခဏာတစ်ခုဖြစ်ပြီး အရေပြားပေါ်တွင် တစ်စင်တီမီတာခန့်ရှိသော သေးငယ်တွန့်ကောက်နေသော မွဲခြောက်ခြောက် အစင်းကြောင်းအနေဖြင့်တွေ့ရသည်။ အထူးသဖြင့် လက်ချောင်းကြား၊ ခြေချောင်းများ၊ လက်ကောက်ဝတ်အတွင်းဘက်၊ တံတောင်ဆစ်၊ ခါးနှင့်ချက်ပတ်လည်တစ်ဝိုက်တွင် အများဆုံးတွေ့ရသည်။

**အဖုများ(Nodales)**

၃ မီလီမီတာမှ ၁၅ မီလီမီတာထိ အရွယ်အစားအမျိုးမျိုးရှိသော အဖုများသည် အမျိုးသားများတွင် လိင်တံ နှင့်ကပ်ပယ်အိတ်၊ အမျိုးသမီးများတွင် ရင်ဘတ်အောက်ဘက်တစ်ဝိုက် အဓိကတွေ့ရှိရတတ်သည်။ ပေါင်အပေါ်ဘက်တင်ပဆုံအရေးအကြောင်းများနှင့် ချိုင်းကြားများတွင်လည်း တွေ့နိုင်သည်။

**ထူထဲနေသောဝဲယားနာ(Crusted Scales)**

သက်ကြီးရွယ်အိုများနှင့်ကိုယ်ခံအားနည်းသူများတွင် အဓိကတွေ့ရသော အမျိုးအစားဖြစ်ပြီး လက်ဖဝါး၊ ခြေဖဝါးများတွင် ထူထဲသောအဖတ်များဖြင့် ဖုံးအုပ်နေတတ်သည်။ ဝဲပိုးအရေအတွက် ထောင်နှင့်ချီရှိနိုင်ပြီး အလွန်ကူးစက်လွယ်ကာပို၍ ပြင်းထန်သော အမျိုးအစားဖြစ်သည်။

**နောက်ဆက်တွဲပြဿနာများ**

ယားယံ၍အရေပြားကို ကုတ်ခြင်းမှတစ်ဆင့် ဘက်တီးရီးယားပိုးဝင်၍အရေပြားရောင်ခြင်း၊ ပြည်တည်ခြင်း၊ ဝဲပိုးဆိပ်ပျံ့နှံ့ခြင်း၊ ဘက်တီးရီးယားပိုးဝင်ခြင်းမှတစ်ဆင့် ကျောက်ကပ်ရောင်ခြင်း၊ လေးဖက်နာနှလုံးရောဂါဖြစ်စေကာ နှလုံးထိခိုက်ခြင်း၊ အလွန်ယားယံသော အဖုကြီးများဖြစ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ ကုတ်ခြစ်မိခြင်းကြောင့် အရေပြားမာလာပြီး ထူထဲလာခြင်းတို့ဖြစ်နိုင်သည်။

**ဆေးရုံဆေးခန်းပြသရန်**

ဝဲယားနာရောဂါလက္ခဏာဆင်တူသော အခြားအရေပြားရောင်ရမ်းခြင်း၊ နှင်းခူရောဂါများလည်းဖြစ်နိုင်သောကြောင့် တိကျသည့်အကြောင်းရင်းကို ရှာဖွေကုသရမည်။

Busscates၊ Scabuides စသည့်လိမ်းဆေးများလိမ်းခြင်း၊ မှိုသတ်ဆေးပေးခြင်း၊ ဝဲယားနာရောဂါရှိသူ၏အဝတ်အစားများပြုတ်လျှော်ခြင်း၊ နေလှန်းခြင်း၊ မီးပူတိုက်ခြင်း၊ တစ်ကိုယ်ရေသုံးပစ္စည်းများခွဲထားခြင်းဖြင့် ဝဲယားနာရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ပါကြောင်း ဖော်ပြလိုက်ပါသည်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၁၄၅ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၃၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မြေပဲကေ ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး၊ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။



ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်

(၂၀၆)

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၀၅၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင်ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ကန်ရေ(၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းဘူး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ရေ (၁) ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကန်ရေ (၁) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့်လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ရေ(၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ တတိယအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

**ဇင်မာ**



TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TYRE

ပင်ရင်းအရောင်း
ဖုန်း- ၀၉၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၄၅

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ကုန်ဆုံးသွားသောစွမ်းအားများ DAGON MALTA FRESH နဲ့ ပြည့်စွမ်းထား




ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်နေ စိုးလွင် (ဘ) ဦးလောက်ရှိုး(၁၃/လရန(နိုင်)၁၉၀၃၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-799138741**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသက်ထား ရွှေဇင်၏ ဖခင်အမည်မှန်မှာ **ဦးညွန့်ဆန်း** ဖြစ်ပါကြောင်း။ **ဦးညွန့်ဆန်း(၉/မလန(နိုင်)၁၀၂၇၃၉)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှူးတုံရပ်ကွက်နေ တိမ်မိကျော် (ဘ) ဦးတိမ်ယမ်နိမ့်(၁၃/ကခန(နိုင်)၁၂၈၇၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-456586888**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ ဦးသိန်းတိုး (ဘ) ဦးဘညွန့်(၅/စကန(နိုင်)၀၂၈၃၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2031023**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အနောက်ရပ်ကွက်၊ အထက(၂၁)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်လျှံအောင်ကောင်းမြတ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိုးဇော်ဦး** ဖြစ်ပါကြောင်းနှင့် မောင်လျှံအောင်ကောင်းမြတ်၏ မွေးသက္ကရာဇ်အမှန်မှာ **၁-၈-၂၀၀၇** ဖြစ်ပါကြောင်း။ **ဦးစိုးဇော်ဦး၊ ၁-၈-၂၀၀၇**

## အဖိုးတန်ရေချိုကို ချွေတာပါ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့်အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။





၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။




၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။



၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားသည်။


## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၁၂ လမ်း ၈၈-၈၉ လမ်းကြားရှိ ရေခဲစက်လုပ်ငန်းတွင် တရားမဝင်လျှပ်စစ်ဓာတ်အားရယူသုံးစွဲထားခြင်းကို လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

မန္တလေး ဇူလိုင် ၁၄

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇွန် ၂၆ ရက်က မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် အထွေထွေမန်နေဂျာအဆင့် ဦးစီးခေါင်းဆောင်သော အဖွဲ့များမှ စုစုပေါင်းအဖွဲ့ ၁၆ ဖွဲ့တို့ဖြင့် မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများသည့် စက်မှုလုပ်ငန်းများ၊ ဟိုတယ်များ၊ Shopping Mall များ၊ ပုဂ္ဂလိကပိုင်ဆေးရုံများ၊ ပုဂ္ဂလိကပိုင်စာသင်ကျောင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့စစ်ဆေးရေးအဖွဲ့များက ခရိုင်၊ မြို့နယ်များအတွင်းရှိ ထရန်စဖော်မာ စီတီမီတာ ၁၆၈ လုံး၊ လုပ်ငန်းသုံး ပါဝါမီတာ ၁၄၉ လုံး၊ အိမ်သုံးမီတာ ၇၀၁ လုံး စုစုပေါင်း ၁၀၁၈ လုံးကို တရားမဝင်ဓာတ်အားရယူသုံးစွဲမှုရှိမရှိလိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ရာ မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ၁၂ လမ်း ၈၈-၈၉ လမ်းကြားတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆




မီတာအတွင်း Test Lab မှ စစ်ဆေးရာတွင် C Phase ကို Bypass ပြုလုပ်ထားခြင်း တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၂ ထပ် အဆောက်အအုံ ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၄

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ

စာမျက်နှာ ၂၃ ကော်လံ ၁ ●

## နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်ဘက်ကမ်းခြေတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ဝါစိုက်တောင်သူများနှင့် ဝါမျိုးစေ့ထုတ်ရောင်းချသူများ လိုက်နာရန်သတိပေးထုတ်ပြန်ခြင်း

အထွက်နှုန်းကောင်းပြီး အရည်အသွေးမီသည့် နိုင်ငံခြားစပ်မျိုးဝါစိုက်ပျိုးသူ တောင်သူများအတွက် စပ်မျိုးဝါမျိုးစေ့များရောင်းချရာတွင် စပ်မျိုး F1 အဆင့် မျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ၎င်းစပ်မျိုး F1 ကို စိုက်ပျိုး၍ ရရှိလာသော F2 အဆင့် မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ညွှန်ကြားချက်ကို ဝါမျိုးစေ့ထုတ်ရောင်းချသူများ သိရှိပြီးဖြစ်ပါသည်။ ထိုအတူ ၎င်းစပ်မျိုးဝါ F2 မျိုးစေ့များကို တောင်သူများက အသုံးပြုထပ်မံစိုက်ပျိုးခြင်းမပြုရန် ဝါစိုက်တောင်သူများကို အသိပညာပေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၎င်းပြင် စပ်မျိုးဝါ F2 မျိုးများကို အသုံးပြုစိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှုမရှိသည်ကို သိရှိထားပြီး မျိုးစေ့ဥပဒေ(၂၀၁၅)တွင်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မျိုးစေ့များ ရောင်းချခြင်းမပြုရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ဝါမျိုးစေ့ထုတ်ရောင်းချသူများနှင့် ဝါစိုက်တောင်သူများသည် စပ်မျိုးဝါ F2 မျိုးစေ့များကို ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုစိုက်ပျိုးခြင်းမပြုပါရန် သတိပေးထုတ်ပြန်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးပန်ကြားခြင်း စာမျက်နှာ - ၂၂

တရားမဝင်ဓာတ်အားခိုးယူသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ စာမျက်နှာ - ၁၆

## ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့တို့တွင် ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့် ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၄

ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့တို့တွင် ငွေကျပ် ၃ ဒသမ ၇၁၃၅ ဘီလီယံတန်ဖိုးရှိစိတ်ကြွဆေးပြား ၂၃ ဒသမ ၄ သိန်းကျော်နှင့်ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ည ၉ နာရီတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



ဇင်မျိုးအောင် ခေါ် ဖိုးလ၊ မောင်သိန်း ခေါ် ချစ်တီး၊ ချစ်မိုးဆန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။